# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၇၄)


**ယနေ့ မိုးလေဝသ**

(၆ - ၇ - ၂၀၂၆)

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၅

ဇူလိုင် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လွန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး


*စာမျက်နှာ ၄ ကော်လံ ၁* ❍




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား နေပြည်တော် တပ်မတော်လေဆိပ်၌ မြန်မာကလေးငယ် နှစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ ကြိုဆိုစဉ်။

**ယနေ့ သတင်းအညွှန်း**


**အိမ်နီးချင်း မိတ်ဆွေကောင်းမှ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများ အဖြစ်သို့**
ဆောင်းပါး | စာ ၆

**အိုဘယ့်မိခင် ရောဝတီ (၇)**
ဆောင်းပါး | စာ ၁၀

**တစ်ပတ်တာဖတ်စရာ မြန်မာရေးရာ ကမ္ဘာရေးရာ**
သတင်းများ | စာ ၁၂

**အမေရိကန်-အီရန် ဆွေးနွေးပွဲ၌ ပါကစ္စတန်က အိမ်ရှင်အဖြစ် ဆောင်ရွက်မည်**
နိုင်ငံတကာသတင်း | စာ ၁၄




## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် အရောင်းပြခန်းများ၌ လာရောက်လေ့လာ ဝယ်ယူအားပေးသူများဖြင့် စည်ကား

နေပြည်တော် ဇူလိုင် ၅

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း အရောင်းပြခန်းများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ရောင်းချပေးရာ လာရောက်လေ့လာဝယ်ယူအားပေးသူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာဗောဓိဘုရား၌ နံရံဆေးရေးပန်းချီအထောက်အထားအသစ် ဖော်ထုတ်တွေ့ရှိ

ပုဂံ ဇူလိုင် ၅

အိန္ဒိယနိုင်ငံမှ Archaeological Survey of India (ASI)အဖွဲ့သည် ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံအမှတ် (၁၆၇၀) မဟာဗောဓိဘုရားအား အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အင်္ဂတေပန်းလက်ရာများ ချေးချွတ်သန့်စင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နံရံပန်းချီ ရှိ၊ မရှိ စမ်းသပ်ကွက်တွင် *စာမျက်နှာ ၂ ကော်လံ ၃* ❖



## ပြည်မြို့၌ ဧရာဝတီမြစ်အတွင်း ရေပြင်အသက်ကယ်သရုပ်ပြလေ့ကျင့်



ပြည် ဇူလိုင် ၅

ပြည်မြို့ ဧရာဝတီမြစ် ဘောတံတားအနီး၌ ယနေ့တွင် ရေပြင်အသက်ကယ်သရုပ်ပြသရာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသတွင်း ရေနစ်သူကယ်ဆယ်ရေးအဖွဲ့များနှင့် ဆံတော်အရန်မီးသတ်တပ်ဖွဲ့ဝင်များ *စာမျက်နှာ ၂ ကော်လံ ၃* ◆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လွှန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၅**

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လွှန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် လွှန်ပရာဘန်မြို့သို့ ထွက်ခွာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတရုံးဝန်ကြီး မစ္စစ် ဖွန်းစမွတ် အန်လာဝန် ဦးဆောင်သည့်လာအိုအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပို့ဆောင် နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည်လွှန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး H.E. Mr. Boun-leuam MANIVONG နှင့် ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်တွင် လာအိုကင်းထောက်လူငယ် မောင်မယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်းပြီး လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လာအို ရှေးဟောင်း “ဖဘန်” ဘုရားအား ရွှေကြာသကင်္န်း ကပ်လှူပူဇော်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တော်ဝင်နန်းတော်ပြတိုက်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဝပ်စီယမ်သုန်ဘုရားကျောင်း၌ အများပြည်သူဖူးမြော်နိုင်ရန် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီးတည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်အား လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတရုံးဝန်ကြီး မစ္စစ် ဖွန်းစမွတ်အန်လာဝန် ဗီယင်ကျန်းမြို့ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

ထို့နောက် တော်ဝင်နန်းတော်ပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း “ဖဘန်” ဘုရားကို ဖူးမြော်ကြည်ညို၍ ဆီမီးနှင့် ပန်းများ ကပ်လှူပူဇော်ကာ ရွှေကြာသကင်္န်းနှင့် အများပြည်သူဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူနှင့် မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်အားလှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ ဘုရားကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ “ဖဘန်” ဘုရားသည် နန်းတော်ပြတိုက်၏ ဝင်ပေါက်ညာဘက်တွင်ရှိပြီး ၁ ရာစုက သီရိလင်္ကာနိုင်ငံတွင် သွန်းလောင်းခဲ့ကာ ၁၃၅၉ ခုနှစ်တွင် ခမာဘုရင်က ၎င်း၏သမက် လာအိုဘုရင် Fa Ngum အား လက်ဆောင်အဖြစ်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဘုရားကျောင်းတော်ကို ၁၉၆၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ပြည်တွင်းစစ်ကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးလာအိုဘုရင်များအသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တော်ဝင်နန်းတော်ပြတိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ တော်ဝင်နန်းတော် ပြတိုက်ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တော်ဝင်နန်းတော်ပြတိုက်သည် မဲခေါင်မြစ်ကမ်းပါးပေါ်တွင် တည်ရှိပြီး နိုင်ငံ၏ အမြင့်မြတ်ဆုံး နေရာအဖြစ် ထိန်းသိမ်းထားရှိကြောင်း၊ ယခင်က ကျွန်းသစ်များဖြင့်သာ ဆောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ပြန်လည်ပြုပြင်သည့်အခါတွင် ပြင်သစ် Beaux

*စာမျက်နှာ ၄ သို့*

*❍ ရှေ့ဖုံးမှ*

(Minister in Attendance) မစ္စတာ ထောင်ဆာဗန်ဖုန်ဗီပေါးနှင့်ဇနီး ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ရာဇာထွန်းနှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ပို့ဆောင်နှုတ်ဆက်စဉ် ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်တွင် လာအို ကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်းပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ကို လှိုက်လှဲနွေးထွေးစွာဖြင့် နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးလိုက်ပါလာသည့် အထူးလေယာဉ်သည် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိရာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လွင်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအို ကင်းထောက်လူငယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်းပြီး လှိုက်လှဲနွေးထွေးစွာ နှုတ်ဆက်ကြစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လာအိုအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် လွင်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ခြင်း၊ လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်းသို့ သွားရောက်လေ့လာခြင်းနှင့် လာအိုနိုင်ငံရှိ သမိုင်းဝင်ဘုရားပုထိုးစေတီကျောင်းများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်ကြည်ညို လေ့လာကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

လက်ရာများနှင့် လာအိုဗိသုကာ ပုံစံတို့ကိုရောနှော၍ အုတ်ကို အစားထိုးကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် လာအိုတို့ အာဏာရရှိလာခဲ့ချိန်တွင် ဘုရင်စနစ်အား ဖျက်သိမ်းခဲ့ပြီး တော်ဝင်မိသားစုတို့သည် အဆိုပါနန်းတော်မှ ထွက်ခွာခဲ့ရကာ ယခုကဲ့သို့အမျိုးသားပြတိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ယူနက်စကို (UNESCO) အဖွဲ့ကြီးက လွင်ပရာဘန်မြို့ တစ်ခုလုံးကို ကမ္ဘာ့အမွေအနှစ်မြို့အဖြစ် တရားဝင် သတ်မှတ်ခဲ့ရာတွင် ယခုဘုရင့်နန်းတော်ပြတိုက်သည် မြို့၏ သမိုင်းဝင်အမွေအနှစ် ဗဟိုချက် (Core Zone)အဖြစ် အဓိကဂုဏ်ပြုသတ်မှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ပြင်သစ်ကိုလိုနီခေတ် ဗိသုကာလက်ရာနှင့် လာအိုရိုးရာအနုပညာတို့ ထူးခြားပြောင်မြောက်စွာ ပေါင်းစပ် တည်ဆောက်ထားမှုကြောင့် အဆိုပါဂုဏ်ထူးဆောင်ဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဝပ်စီယမ်သုန်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဦးစွာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆီမီး၊ ပန်းနှင့် ရွှေကြာသကၤန်း ကပ်လှူပူဇော်၍ ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်း အများပြည်သူ ဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူနှင့် မာရဝိဇယဘုရားကြီးတည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်အား လှူဒါန်းသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် ဘုရားကျောင်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များအား လိုက်လံဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဝပ်စီယမ်သုန်ဘုရားကို ၁၆ ရာစုနှစ်အတွင်း ဘုရင် Saya Setthathirath လက်ထက်တွင် တည်ဆောက်ခဲ့ပြီး ၁၅၆ဝ ပြည့်နှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ အဆိုပါဘုရားကျောင်းသည် လာအိုနိုင်ငံ၏ရိုးရာလက်ရာများနှင့် ဗိသုကာလက်ရာများ အနက် စိတ်ဝင်စားစရာကောင်းသည့် ဘုရားကျောင်းတစ်ခုလည်း ဖြစ်ပြီး မှန်စီရွှေချ ဘဝသစ်ပင် ပန်းချီကားနှင့်သိမ်တော်အဆောက်အအုံ၏ ခေါင်မိုးဗိသုကာလက်ရာများမှာ ထင်ရှားကြောင်း၊ လွင်ပရာဘန်ပြည်နယ်သို့ ရောက်ရှိခဲ့ပါက ဝပ်စီယမ်သုန် ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ပါက ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ အောင်မြင်မှုများရရှိသည်ဟု ယုံကြည်သက်ဝင်ကြကြောင်း၊ ရွှေဖြင့် အနုစိတ်စီကာထားသည့် မျက်နှာစာ၊ မှန်စီရွှေချ ရွှေရောင်စုံ ပန်းချီကားများကြောင့် အာရှတိုက်တွင် အလှပဆုံးဘုရားကျောင်းတစ်ကျောင်းအဖြစ် ကမ္ဘာလှည့်ခရီးသွားအများအပြား လာရောက်လည်ပတ်လေ့ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## နေပြည်တော်နဲ့ ဗီယင်ကျန်းတို့ကို Sister City အဖြစ် ဆက်သွယ်ဆောင်ရွက်သွားဖို့၊ ကျိုင်းတုံနဲ့ လွင်ပရာဘန်မြို့ကို လေကြောင်းလိုင်းပြေးဆွဲဖို့၊ နယ်စပ်ဒေသကုန်သွယ်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ သတင်းအချက်အလက်တွေ ဖလှယ်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ . . .

**ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများအား ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**မေး ။ ။ နိုင်ငံတော်သမ္မတက လာအိုနိုင်ငံကို အာဆီယံနိုင်ငံတွေထဲမှာ ပထမဆုံး သွားရောက်ဖြစ်တဲ့ အကြောင်းရင်းကို ပြောပေးပါဦး။**

**ဖြေ ။ ။** ကျွန်မတို့ သမ္မတကြီးက အာဆီယံနိုင်ငံထဲမှာ လာအိုနိုင်ငံကို ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်ခဲ့ပါတယ်။ ဒီလို သွားရောက်တဲ့ အကြောင်းရင်းက အာဆီယံနိုင်ငံတွေထဲမှာ လာအိုနိုင်ငံက နှစ်ပေါင်း (၇၀) ကျော် သံတမန် ဆက်ဆံရေးရှိခဲ့တဲ့ နိုင်ငံပါ။ နယ်နိမိတ်ချင်းလည်း ထိစပ်နေတယ်။ အစဉ်အဆက် ရင်းနှီးစွာ ဆက်ဆံခဲ့တယ်။ ပြည်သူတွေချင်း ဆက်ဆံရေးဆိုရင် နှစ်ပေါင်း (၇၀) မကပါဘူး။ နှစ်ပေါင်းရာချီပြီး ပြည်သူအချင်းချင်း ဆက်ဆံခဲ့တဲ့နိုင်ငံပါ။ ပြီးတော့ မြန်မာနိုင်ငံကို အမြဲတမ်း Supporting ပေးခဲ့တယ်။ နယ်နိမိတ်တစ်လျှောက်မှာ နယ်စပ်ပြဿနာ လုံးဝမရှိခဲ့တဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ နှစ်နိုင်ငံလုံးက အာဆီယံကို တစ်ရက်တည်းဝင်ခဲ့ကြပါတယ်။ လာအိုနိုင်ငံက ၂၀၂၄ ခုနှစ်မှာ အာဆီယံ Chair အဖြစ် တာဝန်ယူစဉ်ကလည်း ကျွန်မတို့နိုင်ငံကို အပြည့်အဝထောက်ခံခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံဘက်က အပြည့်အဝ ရပ်တည်ခဲ့ပါတယ်။ သံတမန်ဆက်ဆံရေး တစ်လျှောက်မှာလည်း တကယ်ကို မိတ်ဆွေအရင်းအချာပမာ ဆက်ဆံခဲ့တဲ့ အိမ်နီးချင်းကောင်း နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါက ကျွန်မတို့နှစ်နိုင်ငံရဲ့ နိုင်ငံရေး၊ သံတမန်ရေးပါ။

နောက်တစ်ခုက လာအိုနိုင်ငံက အာဆီယံနိုင်ငံထဲမှာ landlocked country ပါ။ landlocked country ကနေပြီး land-linked country ဖြစ်လာတယ်။ လာအိုနိုင်ငံကနေ လျှပ်စစ်ဓာတ်အားတွေကို ဗီယက်နမ်၊ ထိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို ရောင်းချနိုင်ခဲ့တဲ့ အနေအထားကို ရောက်လာပါတယ်။ အဲဒီတော့ ကျွန်မတို့က ဒါတွေကို လေ့လာချင်တယ်။ လာအိုနိုင်ငံဟာဆိုရင် မဲခေါင်မြစ်ကြီး တစ်ခုပဲရှိတဲ့ နိုင်ငံပါ။ ကျွန်မတို့နိုင်ငံမှာဆိုရင် မြစ်ကြီးလေးစင်းရှိပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် လေ့လာဖို့၊ ဆွေးနွေးဖို့အတွက် လာအိုနိုင်ငံကို ပထမဆုံး အာဆီယံနိုင်ငံထဲက နိုင်ငံအဖြစ် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။




ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး

**မေး ။ ။ လာအိုနိုင်ငံ ခရီးစဉ်ကနေ ဘယ်လို သဘောတူညီချက်တွေ ရရှိခဲ့ပါသလဲ။**

**ဖြေ ။ ။** မြန်မာ - လာအို ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် ဆက်ဆံရေးအဖြစ် မြှင့်တင်ဖို့ သဘောတူညီခဲ့ပါတယ်။ ပြီးတော့ ရေအားလျှပ်စစ်နဲ့ ပတ်သက်လို့ မြန်မာနဲ့ လာအိုနဲ့ ပူးပေါင်းပြီးတော့ မဲခေါင်မြစ်ဝှမ်းတစ်လျှောက်မှာ ရေအားလျှပ်စစ် ဘယ်လောက်ထုတ်နိုင်မလဲဆိုတဲ့ Feasibility Study လုပ်ဖို့အတွက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြီးတော့ အလုပ်သမားရေးရာနဲ့ ပတ်သက်လို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ နှစ်နိုင်ငံ မြို့တော် နေပြည်တော်နဲ့ ဗီယင်ကျန်းတို့ကို Sister City အဖြစ် ဆက်သွယ်ဆောင်ရွက်သွားဖို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကျန်ဆွေးနွေးခဲ့တဲ့ အချက်တွေလည်း ရှိပါတယ်။ ဒါကတော့ ကျိုင်းတုံနဲ့ လွင်ပရာဘန်မြို့ကို လေကြောင်းလိုင်း ပြေးဆွဲဖို့၊ နယ်စပ်ဒေသ ကုန်သွယ်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ သတင်းအချက်အလက်တွေ ဖလှယ်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။

**မေး ။ ။ ဒီခရီးစဉ်မှာ အထင်ရှားဆုံး အောင်မြင်မှုက ဘာဖြစ်မလဲဆိုတာ သိပါရစေ။**

**ဖြေ ။ ။** ဒီခရီးစဉ်မှာ အထင်ရှားဆုံး အောင်မြင်မှုကို ပြောရမယ်ဆိုရင် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးမှာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် တိုးမြှင့်ဖို့အတွက် အပြန်အလှန် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပါတယ်။ ချစ်ကြည်ရင်းနှီးမှု မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့ပါတယ်။

**မေး ။ ။ မြန်မာ-လာအို ရေအားလျှပ်စစ်စီမံကိန်းအတွက် MoU ရေးထိုးခဲ့တယ်လို့ သိရပါတယ်။ အဲဒီကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်ပါမလဲ။**

**ဖြေ ။ ။** မြန်မာနဲ့ လာအို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့ဆိုတာထက် ပထမဆုံးအနေနဲ့ မဲခေါင်မြစ်ဝှမ်းမှာ နှစ်နိုင်ငံပူးပေါင်းပြီးတော့ Feasibility Study လုပ်ဖို့အတွက် agreement ရယူခဲ့တာပါ။ ဒီ agreement ကနေ လျှပ်စစ်ဓာတ်အား ဘယ်လောက်ထုတ်နိုင်မလဲဆိုတာပါ။ သမ္မတကြီးက အမြဲတမ်းပြောတာရှိပါတယ်။ စွမ်းအင်လုံခြုံမှုရှိတာက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်တယ်ဆိုတာကို အမြဲတမ်း လမ်းညွှန်မှုပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာ လိုအပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကို ဘယ်ကနေရရှိနိုင်မလဲဆိုတာ အမြန်ဆုံးနဲ့ ဈေးအသက်သာဆုံး နည်းလမ်းကနေ ရရှိဖို့အတွက် နည်းလမ်းတွေ ရှာဖွေတဲ့နေရာမှာ ဒါ one of the source ဖြစ်လာနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်သာ အောင်မြင်မယ်၊ လေ့လာချက်တွေကနေပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းပြီး ရေစွမ်းအင်ကနေ လျှပ်စစ်ရင်းမြစ်တွေ ဖော်ထုတ်နိုင်မယ်ဆိုရင် နှစ်နိုင်ငံပြည်သူတွေအတွက် များစွာအကျိုးရှိမှာ ဖြစ်ပါတယ်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ လွန်ပရာဘန်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့ နံနက်ပိုင်းတွင် လွန်ပရာဘန် ပြည်နယ် ပါတီကော်မတီအတွင်း ရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန် က ခေတ္တတည်းခိုရာဟိုတယ်၌ လာရောက် ဂါရဝပြု တွေ့ဆုံ သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အတူ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တက်ရောက်ကြ ပြီး လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးနှင့် ဇနီးနှင့် လွန်ပရာဘန်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ကို လွန်ပရာဘန်ပြည်နယ် ပြည်သူများက ဝမ်းမြောက် လှိုက်လှဲစွာဖြင့် ကြိုဆိုမှုအခြေ အနေများ၊ နိုင်ငံတော်သမ္မတနှင့် ဇနီးဦးဆောင်သည့် ချစ်ကြည်ရေး ခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက် ပိုမို အဆင့်မြင့်တင်နိုင်မည့်အခြေ အနေများ၊ မြန်မာနိုင်ငံနှင့် လာအို နိုင်ငံတို့အကြား မဟာဗျူဟာ မြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ များ၊ လာအိုနိုင်ငံ လွန်ပရာဘန်မြို့ နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့သည် ညီအစ်မမြို့(Sister City) များ ဖြစ်ကြပြီး လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မန္တလေး မြို့၊ ပုဂံနှင့် ကျိုင်းတုံမြို့တို့အကြား ခရီးသွားကဏ္ဍနှင့် ကူးလူးဆက်ဆံ မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက် သွားမည်ဆိုပါက နှစ်နိုင်ငံခရီးသွား ကဏ္ဍအတွက် များစွာအကျိုးဖြစ် စေမည့် အခြေအနေများနှင့် နှစ် နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှု များ ဆက်လက်တိုးမြှင့်ဆောင်ရွက် သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်နှင့်ဇနီးတို့ လာအိုရိုးရာဆုတောင်းပွဲအခမ်းအနား (ဘာစီပွဲတော်)၌ လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများတောင်းစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် သမ္မတနှင့်ဇနီးတို့သည် လာအို ရိုးရာဆုတောင်းပွဲ အခမ်းအနား (ဘာစီပွဲတော်) သို့ တက်ရောက်ပြီး နိုင်ငံတော်သမ္မတနှင့် လွန်ပရာဘန် ပြည်နယ် ပါတီကော်မတီအတွင်း ရေးမှူးတို့က မင်္ဂလာဆီမီးများ ထွန်းညှိပူဇော်၍ လာအိုရိုးရာ အစဉ်အလာဖြင့် ဆုမွန်ကောင်း များတောင်းကြကာ လွန်ပရာဘန် ပြည်နယ် ပါတီကော်မတီအတွင်း ရေးမှူးနှင့် ဇနီးနှင့် လွန်ပရာဘန် ပြည်နယ် အစိုးရအဖွဲ့ဝင်များ က နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ၏ လက်များ၌ ဘာစီ ရိုးရာမင်္ဂလာ ကြိုးဖြူ(Sai Sin) ဖြင့် ချည်နှောင်၍ ဆုတောင်း ပေးကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် နိုင်ငံတော်သမ္မတ နှင့် ဇနီးတို့သည် လွန်ပရာဘန် ပြည်နယ် ပါတီကော်မတီအတွင်း ရေးမှူးနှင့် ဇနီးတို့က တည်ခင်း ဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။ ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင် မီ လွန်ပရာဘန်ပြည်နယ် ပါတီ ကော်မတီ အတွင်းရေးမှူးက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး နိုင်ငံတော်သမ္မတ က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်ဇနီးတို့သည် လွန်ပရာဘန် ပြည်နယ် ပါတီကော်မတီအတွင်း ရေးမှူးနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြ သူများနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဂုဏ်ပြုနေ့လယ်စာ မသုံး ဆောင်မီနှင့် သုံးဆောင်နေစဉ် အတွင်း လွန်ပရာဘန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာ တေးသီချင်းများနှင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင် အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လွန်ပရာဘန် ပြည်နယ် ပါတီကော်မတီအတွင်း ရေးမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များ အား ရင်းရင်းနှီးနှီး နှုတ်ဆက် ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်က လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်နှင့်ဇနီးတို့ ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် လွန်ပရာဘန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာတေးသီချင်းများနှင့် သီဆို၊ တီးမှုတ်၊ ကပြ ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

# အိမ်နီးချင်း မိတ်ဆွေကောင်းမှ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ်သို့

သိဃ်သူ

*(ယမန်နေ့က အဆက်)*

၁၉၉၇ ခုနှစ်တွင် မြန်မာနှင့်လာအိုတို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် တစ်ပြိုင်တည်းဖြစ်လာကြရာ လာမည့်နှစ်ဆိုလျှင် အဖွဲ့ဝင်သက်တမ်းနှစ်ပေါင်း ၃၀ ပြည့်မည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) (Association of South East Asian Nations–ASEAN ) ကို စတင်ဖွဲ့စည်းစဉ်က ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းတွင် အရှေ့နှင့်အနောက် အယူဝါဒပြိုင် အုပ်စုကြီးနှစ်စုကြား အင်အားပြိုင်ဆိုင်မှု မြင့်တက်နေချိန်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများကြားတွင်လည်း မတည်ငြိမ်မှုများ ဖြစ်ပေါ်နေသည်။ စစ်အေးတိုက်ပွဲကာလဟုခေါ်ဆိုခဲ့သည့် ထိုကာလအတွင်း အရှေ့တောင်အာရှဒေသတွင်း တည်ငြိမ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်း စုစုပေါင်း ငါးနိုင်ငံတို့က ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် ဘန်ကောက်ကြေညာချက် (Bangkok Declaration) ဖြင့် အာဆီယံကို စတင်တည်ထောင်သည်။

အာဆီယံကိုစတင်ဖွဲ့စည်းစဉ်ကပင် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့အတွင်းဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့သော်လည်း စစ်အေးကာလအတွင်း အာဆီယံသည် ကွန်မြူနစ်ဆန့်ကျင်ရေး အဖွဲ့အစည်းတစ်ရပ်အဖြစ် ရှုမြင်ခံရခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့တွင် အင်အားကြီးနိုင်ငံ စစ်အခြေစိုက်စခန်းများရှိနေခြင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ တိကျသော ကြားနေရေးနှင့် ဘက်မလိုက် မူဝါဒကို တိကျစွာ လိုက်နာကျင့်သုံးနေခြင်းတို့ကြောင့် အာဆီယံသို့ မဝင်ရောက်ခဲ့။ စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက်မှသာ အာဆီယံတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

လာမည့်နှစ်တွင် သက်တမ်း နှစ်ပေါင်း ၆၀ ပြည့်တော့မည့် အာဆီယံအဖွဲ့အစည်းမှာ အင်အားကြီးနိုင်ငံများ၏ ဩဇာလွှမ်းမိုးရန် ကြိုးပမ်းမှု၊ အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးစီးပွားပြိုင်ဆိုင်မှုကဲ့သို့သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ အာဆီယံပဋိညာဉ်စာတမ်းအရ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သော "ပြည်တွင်းရေးတွင် ဝင်မစွက်ဖက်ရေးမူ (Non–Interference Policy)" အပါအဝင် အာဆီယံ၏ဝိသေသလက္ခဏာဖြစ်သည့် "အာဆီယံနည်းလမ်း" တို့အပေါ် ပြင်ပပယောဂတို့ ဝင်ရောက်လာနေသည်ကို မြင်တွေ့နေရသည်။ မူလက အာရှယဉ်ကျေးမှုနှင့် အာရှစံတန်ဖိုးတို့အပေါ်တွင် သဘာဝကျကျ အခြေစိုက်ထားသည့် အာဆီယံအဖွဲ့အတွင်း အဖွဲ့ဝင်နိုင်ငံအချို့၏ နောက်ကွယ်မှပယောဂများက အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို စိန်ခေါ်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းတွင် ဗဟုဝင်ရိုးကမ္ဘာသို့ အပြောင်းအရွှေ့နှင့် ကမ္ဘာ့နံပါတ်(၁) မဟာအင်အားကြီးနိုင်ငံနှင့် တစ်ခါက ၎င်း၏နောက်လိုက် အနောက်အုပ်စုနိုင်ငံများကြားမှ အက်ကြောင်းများ၊ ပထဝီနိုင်ငံရေးကို အကြောင်းပြုသည့် စစ်ပွဲများ၊ ကိုဗစ် – ၁၉ ကပ်ရောဂါ ကမ္ဘာအနှံ့ကူးစက်ပျံ့နှံ့မှုစသည့် ရှုပ်ထွေးနေသည့် နောက်ခံကားတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးပြောင်းလဲမှု ဖြစ်ပေါ်ခဲ့သည်။ မြန်မာ့ပြည်တွင်းရေးကို ရမယ်ရှာကာ ကုလသမဂ္ဂတွင် မူလအခြေခံမူများကိုဖောက်ဖျက်၍ မြန်မာကိုယ်စားလှယ်ကို ပိတ်ပင်ထားလိုက်သည်။ စင်စစ်မြန်မာနိုင်ငံတွင် အင်န်အယ်လ်ဒီပါတီ အာဏာရစဉ်ကာလကလည်း ကုလသမဂ္ဂတွင် မျက်နှာသာပေးခံရသည်မဟုတ်ဘဲ ကုလသမဂ္ဂတွင် လွှမ်းမိုးထားသည့် နိုင်ငံအုပ်စုများ၏ အာဂျင်ဒါနှင့် ဖိအားပေးမှုများသာ ရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီစနစ်နှင့်အညီ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက်သော လွှတ်တော်များနှင့် အစိုးရတို့ ပေါ်ပေါက်လာသည်။ ရွေးကောက်ပွဲကို နိုင်ငံ၏အခြေအနေအရ (၃)ပိုင်း ပိုင်း၍ကျင်းပခဲ့ရာတွင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများ၊ မီဒီယာများကိုပါ ဖိတ်ခေါ်၍ တရားမျှတမှုနှင့် ပွင့်လင်းလွတ်လပ်မှုတို့ကိုပါ မှတ်ကျောက်တင်ခံခဲ့ခြင်း ဖြစ်သည်။ နဂိုကပင် အာဂျင်ဒါရှိပြီးဖြစ်သည့် အာဆီယံအဖွဲ့ဝင်မရိုးသားသည့် နိုင်ငံအချို့ ထိုစဉ်ကပင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကို မမြင်ယောင်၊ မသိယောင်ဆောင်နေခဲ့သည်။ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ရေးနှင့် ဂုဏ်သိက္ခာကျဆင်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်မှုမရှိရေး၊ ပြည်သူများဆင်းရဲမွဲတေ နိမ့်ကျရေးနှင့် ပြည်တွင်းပဋိပက္ခများ မီးထိုးပေးရေး စသည့် မကောင်းရာ မကောင်းကြောင်း၊ ပျက်စီးရာ ပျက်စီးကြောင်းတို့ ပြုလုပ်နိုင်ရန် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို မရိုးသားစွာ လျစ်လျူရှုခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ နောက်ကွယ်တွင်မူ ကုလသမဂ္ဂတွင် မြန်မာနိုင်ငံကို ဝိုင်းပယ် ဖယ်ရှားခဲ့ကြသည့် အုပ်စုများ၏ အရိပ်များကို ထင်ထင်ရှားရှားပင် တွေ့မြင်နေရသည်။ အာဆီယံ၏ အခြေခံမူနှင့် အာဆီယံနည်းလမ်းတို့ကို ရောဂါကူးစက်ခံရခြင်းပင်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆွန်ဆိုင် စီဖန်ဒွန်တို့ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

- ❖ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာနေထိုင်ရေးတွင် နိုင်ငံတစ်နိုင်ငံကဖြစ်စေ၊ နိုင်ငံအုပ်စုတစ်စုကဖြစ်စေ အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ခြင်းက အခြေခံအုတ်မြစ်ပင်ဖြစ်
- ❖ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်း၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် မိမိပြည်တွင်းရေးကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်တို့ကို အပြန်အလှန် လေးစားကြရန်လိုသည်။ နိုင်ငံတိုင်း တန်းတူညီမျှမှုကို အသိအမှတ်ပြု၍ နိုင်ငံကြီးငယ် မခွဲခြားဘဲ နိုင်ငံအလိုက် ကျင့်သုံးကြသည့် နိုင်ငံရေးစနစ်များကို လေးစားကြရန်လည်းလိုသည်။ ပြည်တွင်းရေးကို ဝင်၍မစွက်ဖက်ဘဲ ဒေသတွင်း တည်ငြိမ်ရေးနှင့် စုစည်းညီညွတ်မှုတို့ကို မိတ်ဖက်ဆက်ဆံရေးဖြင့် ခိုင်မြဲစေရမည်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းတကျ အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီးနောက် ပထမရက် (၁၀၀) အတွင်း နိုင်ငံတော်သမ္မတ၏ အိမ်နီးချင်းနိုင်ငံများသို့ ခရီးစဉ်များတွင် လာအိုသည် တတိယမြောက်နိုင်ငံဖြစ်သည်။ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) အနေဖြင့် ဒုတိယမြောက်ဖြစ်ပြီး အာဆီယံနိုင်ငံများအနက် ပထမဆုံး သွားရောက်သည့် ခရီးစဉ်ဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းသို့ စတင်ရောက်ရှိသည့် ဇူလိုင်(၃)ရက် နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံဝန်ကြီးချုပ် ဆွန်ဆိုင် စီဖန်ဒွန်၊ လာအိုအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာ ဆေဆုံဖုန်း ဖုန်ဝိဟိန့်တို့နှင့် တွေ့ဆုံဆွေးနွေးပွဲများ တစ်ခုပြီးတစ်ခုဆက်သည်။

ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများအတွင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလေးအနက်ဆောင်ရွက်နေမှုများ၊ အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရေးကို အလေးထားဆောင်ရွက်လျက်ရှိမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့သည်။

အလျဉ်းသင့်၍ဆိုရလျှင် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာနေထိုင်ရေးတွင် နိုင်ငံတစ်နိုင်ငံကဖြစ်စေ၊ နိုင်ငံအုပ်စုတစ်စုကဖြစ်စေ အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ခြင်းက အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်း၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် မိမိပြည်တွင်းရေးကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်တို့ကို အပြန်အလှန် လေးစားကြရန်လိုသည်။ နိုင်ငံတိုင်း တန်းတူညီမျှမှုကို အသိအမှတ်ပြု၍ နိုင်ငံကြီးငယ် မခွဲခြားဘဲ နိုင်ငံအလိုက် ကျင့်သုံးကြသည့် နိုင်ငံရေးစနစ်များကို လေးစားကြရန်လည်းလိုသည်။ ပြည်တွင်းရေးကို ဝင်၍မစွက်ဖက်ဘဲ ဒေသတွင်းတည်ငြိမ်ရေးနှင့် စုစည်းညီညွတ်မှုတို့ကို မိတ်ဖက်ဆက်ဆံရေးဖြင့် ခိုင်မြဲစေရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အထီးကျန်နိုင်ငံ မဟုတ်သလို တံခါးပိတ်ဝါဒကျင့်သုံးနေသည့် နိုင်ငံလည်းမဟုတ်။ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည့်နိုင်ငံ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည့် နိုင်ငံ၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့်နိုင်ငံဖြစ်သည်။

နှစ်နိုင်ငံ ဆွေးနွေးမှုများအတွင်း မြန်မာ–လာအိုနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေးကျင်းပရေး၊ မြန်မာ–လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် နယ်စပ်ဒေသကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဖြတ်ကျော်ကုန်စည်ကူးသန်း ရောင်းဝယ်ပို့ဆောင်ရေး၊ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးသွားကဏ္ဍမြှင့်တင်ရေး၊ နေပြည်တော်နှင့် ဗီယင်ကျန်း ညီအစ်မမြို့တော်ဆက်ဆံရေး ထူထောင်သွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ကာကွယ်ရေးနှင့် အခြားကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံကြား လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ ဖြစ်တန်ခြေလေ့လာရေး၊ မြန်မာ–ထိုင်း– လာအို သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လျှော့ချရေး၊ နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့်လုံခြုံရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးနှင့် အွန်လိုင်းငွေကြေး လိမ်လည်လောင်းကစားမှုများပပျောက်ရေး စသည့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အကြောင်းအရာများစွာ ပါဝင်သည်။

လာအိုနှင့် မြန်မာ အိမ်နီးချင်းနှစ်နိုင်ငံတို့အကြား အကျိုးစီးပွားချင်းက နီးကပ်ဆက်စပ်နေသည်။ လာအိုနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံ(Landlocked) ဟူ၍ အစဉ်အလာအားဖြင့် အားနည်းချက်အဖြစ်ယူဆကြသည့် နိုင်ငံ၏ပထဝီအနေအထားအရ သဘာဝပေးအခြေအနေကို အားသာချက်အဖြစ် ရှာဖွေကာ ကုန်းမြေချင်းဆက်သွယ်ပေးသည့်နိုင်ငံ (Land-linked) အဖြစ်သို့ ရောက်ရှိရန် ကြိုးပမ်းလျက်ရှိသည်။ အမျိုးသားထောက်ပံ့ပို့ဆောင်ရေး မဟာဗျူဟာ (၂၀၁၆–၂၀၃၀ (National Logistics Strategy 2016 – 2030 ) ကို ရေးဆွဲချမှတ်၍ ကုန်းတွင်းဆိပ်ကမ်း (Dry Port)၊ ပြည်ပပို့ကုန်များ ပြုပြင်ထုပ်ပိုးသည့်ဇုန် (Export Processing Zone)၊ လွတ်လပ်သောကုန်သွယ်မှုဇုန် (Free Trade Zone)၊ စက်သုံးဆီသိုလှောင်ကန်ဇုန် (Oil Tank Zone)၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဖြန့်ဖြူးရေးဇုန်တို့ပါဝင်သည့် ဘက်စုံထောက်ပံ့ပို့ဆောင်ရေး ဥယျာဉ် Integrate Logistic Park ကို ယခုနှစ်အတွင်း ရာနှုန်းပြည့်ပြီးစီးနိုင်ရန် တည်ဆောက်လျက်ရှိသည်ဟု သိရသည်။

အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံတည်ဆောက်ထားသော Thanaleng Dry Port သည် ဗီယင်ကျန်းမြို့တွင်တည်ရှိပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လာအို–

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထိုင်း ရထားလမ်း၊ လာအို-တရုတ် ရထားလမ်းတို့နှင့် ချိတ်ဆက်ထားသည်။ အာဆီယံဒေသထွက်ကုန်များကို တရုတ်နိုင်ငံသို့လည်းကောင်း၊ တရုတ်-ဥရောပ ရထားလမ်းနှင့်ချိတ်ဆက်၍ ဥရောပနိုင်ငံများသို့လည်းကောင်း တင်ပို့နေသည်။ အနာဂတ်တွင် လာအို-ဗီယက်နမ် ရထားလမ်းဖောက်လုပ်ကာ ဗီယက်နမ်နိုင်ငံ Bang Ang ပင်လယ်ဆိပ်ကမ်းမှတစ်ဆင့် ပစိဖိတ်ဒေသ ဆိပ်ကမ်းနိုင်ငံများသို့ကုန်ကျစရိတ်သက်သာသည့် နှုန်းထားများဖြင့် ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

Thanaleng Dry Port သည် လာအိုနိုင်ငံ၏ ကုန်းတွင်းဆိပ်ကမ်း (၉)ခုအနက် အဓိကအကျဆုံး နိုင်ငံတကာ ကုန်းတွင်းဆိပ်ကမ်းတစ်ခုဖြစ်ပြီး အာဆီယံ-တရုတ် - ဗဟိုအာရှ-ဥရောပနိုင်ငံများကို ချိတ်ဆက်ပေးသည့် ကုန်စည်ပို့ဆောင်ရေးအချက်အချာအဖြစ် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ မြန်မာတို့အကြား နှစ်စဉ် ကွန်တိန်နာပေါင်း ၅၀၀၀၀ ခန့် ဖြတ်သန်းပို့ဆောင်ပေးနေသည်။ ထိုင်းနိုင်ငံမှ ကုန်စည်များကို အဆိုပါ Dry Port မှတစ်ဆင့် တရုတ်နိုင်ငံအရှေ့ပိုင်း ကွမ်ကျိုးသို့ တိုက်ရိုက်တင်ပို့ရာတွင် အမြန်ရထားဖြင့်ဆိုပါက ၄ နာရီသာကြာမြင့်သည်ဖြစ်ရာ သယ်ယူချိန်များစွာ သက်သာသွားစေသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ထက်လွမ်စေတီတော် စောင်းတန်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်ကြီး စတင်တည်ထားစဉ်အချိန်မှ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့မှု မှတ်တမ်းပန်းချီများကို ကြည့်ရှုလေ့လာစဉ်။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံမှထွက်ရှိသော ကုန်စည်များကို မဲခေါင်မြစ်ကူး လာအို-မြန်မာ ချစ်ကြည်ရေးတံတားမှဖြတ်သန်း၍ Thanaleng Dry Port မှတစ်ဆင့် အခြားနိုင်ငံများသို့ ပို့ဆောင်နိုင်သလို တောင်အာရှနိုင်ငံများမှ ကုန်စည်များကိုတစ်ဆင့်ခံပို့ဆောင်ခြင်း၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ခြင်း စသည်တို့ လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရှိနေသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) အတွင်း နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ဆွေးနွေးမှုများတွင် နောက်ထပ် စိတ်ဝင်စားဖွယ်အချက်မှာ နှစ်နိုင်ငံကြား လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဲခေါင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေများပင် ဖြစ်သည်။ မြန်မာနှင့်လာအိုတို့သည် နှစ်နိုင်ငံအကြား မဲခေါင်မြစ်ကြီးကို သဘာဝနယ်နိမိတ်အဖြစ် အလယ်မှခြားကာ မိုင်ပေါင်း ၁၅၀ ခန့် အတူတကွ ပိုင်ဆိုင်ထားကြသည်။ မြန်မာနိုင်ငံသည် နှစ်စဉ် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၁၅ ရာခိုင်နှုန်း တိုးတက်နေပြီး လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား ၁၄၅၄၂ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်ရာ အဆိုပါလိုအပ်ချက်ကို ပြည့်မီနိုင်ရန် ပြည်တွင်းဓာတ်အားတိုးတက်ထုတ်လုပ်မှုများသာမက နယ်စပ်ဖြတ်ကျော် ဓာတ်အားဝယ်ယူမှုများပါ တိုးတက်ဆောင်ရွက်သွားရန် ဆောင်ရွက်လျက်ရှိသည်။ လာအိုနှင့် မြန်မာနိုင်ငံတို့အကြား မဲခေါင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်း သုံးခုမှ လေးခုအထိ ဆောင်ရွက်နိုင်ပြီး စုစုပေါင်း ဓာတ်အား မဂ္ဂါဝပ် ၂၈၀၀ မှ ၃၂၀၀ ခန့်အထိ ရရှိနိုင်မည့် အလားအလာနှင့်စပ်လျဉ်း၍ လွန်ခဲ့သည့် နှစ်အနည်းငယ်ကပင် နှစ်နိုင်ငံကြား ဆွေးနွေးမှုများ ရှိနေခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate) သို့ သွားရောက်လေ့လာကြစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ယခုခရီးစဉ်အတွင်း မဲခေါင်မြစ် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်(Joint Agreement on Feasibility Study) ကို ဇူလိုင် ၄ ရက်နေ့တွင် ဗီယင်ကျန်းမြို့၌ တရားဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်ထားသော Primus Sapphire Power Co.,Ltd. နှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်ထားသော Phongsupthavy Group Sole Co,Ltd.တို့က ပူးပေါင်း၍ ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုလုပ်ငန်းများကို ၃၄ လအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာနှင့် လာအို နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေမှာလည်း စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။ နှစ်နိုင်ငံလုံးမှာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်နိုင်ငံများဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံချင်းဖြစ်သည့် အလျောက် ယဉ်ကျေးမှုချင်းမှာ မကွာခြားလှ။ ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရေ မြေ တောတောင် အလှကိုယ်စီနှင့်ဖြစ်ရာ အပြန်အလှန်လည်ပတ်နိုင်သလို သူ့ဆီကိုယ့်ဆီရောက်လာသည့် ဧည့်သည်များကို နှစ်နိုင်ငံခရီးစဉ်များ ဖန်တီးပေးနိုင်သည်။

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ထက်လွမ်စေတီတော်သို့လည်းကောင်း၊ လာအို အသေးစား၊ အငယ်စား စက်မှုလုပ်ငန်း Phonthong Handi-crafts Cooperation and Cama Crafts သို့လည်းကောင်း၊ ညနေပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate)သို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြပြီး ဆက်လက်၍ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား မြန်မာသံရုံးတွင် တွေ့ဆုံအမှာစကားပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*



## နေပြည်တော်စည်ပင်သာယာရေးကော်မတီ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် မြနန္ဒာလမ်း၏ မြောက်ဘက်ခြမ်း မြေနေရာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်း၊ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် ပိတောက်၊ ခရေ၊ စိန်ပန်း၊ မဟော်ဂနီ၊ ငု၊ ပျဉ်းမ စသည့် ပန်းအလှပင်စုစုပေါင်း ၃၂၈ ပင် စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းကုန်းမြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့မှ တောင်သူများထံ စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ ပေးအပ်

**ပုသိမ် ဇူလိုင် ၅**

ဒေသတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအထောက်အကူပြု ထုတ်ကုန်ပြပွဲ၊ နည်းပညာပြပွဲနှင့် Rice Export Zone စီမံချက် မိုးစပါးစိုက်ပျိုးရန် စိုက်ပျိုးစရိတ်ချေးငွေနှင့်သွင်းအားစု ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဂျီဘီအက်(စ်) လယ်ယာဝန်ဆောင်မှုစခန်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ထုတ်ကုန်ပြပွဲနှင့် နည်းပညာပြပွဲကို ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ ကျောင်းကုန်းမြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့မှ တောင်သူများထံ စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု စာဖြူစုကျေးရွာ တောင်သူ ဦးရဲရင့်အောင်၏စိုက်ခင်း၌ ပြုလုပ်သည့် မျိုးစေ့ထုတ် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် မုန်းသီတာ မျိုးစေ့ထုတ်လုပ်ရေးကုမ္ပဏီ၌ စပါးမျိုးထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ဘာသာရေးခေါင်းဆောင်ဟောင်း (Supreme Leader) အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ





**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် အီရန် နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ဘာသာရေး ခေါင်းဆောင်ဟောင်း (Supreme Leader) အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ နိုင်ငံတော် ဈာပနအခမ်းအနားသို့တက်ရောက်ရန် ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ အီရန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တီဟီရန်မြို့ရှိ Imam Khomeini အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Moosavi နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့်ပစိဖိတ်ဌာနမှ ဌာနအကြီးအကဲ Mr. Azimi တို့က ကြိုဆိုကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် လေဆိပ်ညှော်ခန်းမ၌ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်က အီရန်နိုင်ငံ၏ လတ်တလော အခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ လက်တွေ့ကျပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍစုံတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၃ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်တီဟီရန်မြို့ရှိ Imam Khomeini Mosalla ဗလီ၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ကွယ်လွန်သူ ဘာသာရေး ခေါင်းဆောင်ဟောင်း အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ ဈာပနအခမ်းအနားသို့တက်ရောက်စဉ် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ Mohammad Reza Aref၊ သမ္မတ ဦးစီးရုံး အကြီးအကဲနှင့် ပြည်ထဲရေးဝန်ကြီးတို့က ခရီးဦး ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ကွယ်လွန်သူ ဘာသာရေးခေါင်းဆောင်ဟောင်း အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ ရုပ်ကလာပ်ကို နိုင်ငံတော်ဂုဏ်ပြုတီးဝိုင်းနှင့် ဂါရဝပြုပြီး အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ Dr. Masoud Pezeshkian နှင့်အတူ အီရန်လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့အား တွေ့ဆုံနှုတ်ဆက်ကာ အီရန်ဘာသာရေးခေါင်းဆောင်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့သည်။

အဆိုပါ နိုင်ငံတော်ဈာပနအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်မှ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ နိုင်ငံတကာမှ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*၁ကျောဖုံးမှ*

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**(ယာပုံ)**

ယနေ့ Linking Event – 3 (အမျိုးသမီး)ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၃၁၇ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၂၃၀၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၆ မှတ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၃၂၆ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၉ မှတ်၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ရမှတ် ၃၇၀၊ Linking Event–3 (အမျိုးသား) ပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက ရမှတ် ၃၀၁ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၂၂၈ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၇၉ မှတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၃၁၄ မှတ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၄၄၄ မှတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၃၅ မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၀၄ မှတ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၃ မှတ်၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ရမှတ် ၃၈၁ မှတ်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ရမှတ် ၅၀၈ မှတ် ရရှိကြသည်။

**ဆက်လက်ယှဉ်ပြိုင်သွားမည်**

ဇူလိုင် ၆ ရက်တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Linking Event – 3 (အမျိုးသမီး)ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ Linking Event–3 (အမျိုးသား) ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ လေးပေါက်တန်း (အမျိုးသမီး)ပြိုင်ပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ခြောက်ပေါက်တန်း (အမျိုးသား)ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။





**“အခမဲ့” လာရောက်ကြည့်ရှု အားပေးနိုင်**

ဇူလိုင် ၁ ရက်မှ ၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲများကို မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ၂၀၂၆ ခုနှစ် ဇူလိုင် ၇ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV–4 HD Channel နှင့် MRTV Sports Channel တို့တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---


## အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် ဇူလိုင် ၅**


ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း – အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၁၂ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း–အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**









## သထုံမြို့နယ်၌ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**သထုံ ဇူလိုင် ၅**

မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးသည် ဇွန် ၁ ရက်က သထုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သုဝဏ္ဏစုပေါင်းခန်းမ ၌ ပြုလုပ်သည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



ခရိုင်(ပြန်/ဆက်)

## နောင်ချိုမြို့နယ်၌ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**နောင်ချို ဇူလိုင် ၅**



နောင်ချိုမြို့နယ်အတွင်းရှိ တာဝန်ထမ်းဆောင်နေသော ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အနေဖြင့် စွမ်းဆောင်ရည် မြင့်မားလာစေရန် အတွက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)

အဆိုပါသင်တန်းကို နောင်ချိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး ၄၁ ဦးကို သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၁ ရက်က ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ ရန်ကင်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးဒေါက်တာငြိမ်းသီအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို စတင်ရာ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းသူလေးများက ခေါင်းစဉ်ခုနစ်ခုကို မဲနှိုက်၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိခဲ့သူများအား တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

လှလှထွေး(ပြန်/ဆက်)



## လင်းခေးမြို့၌ သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာစည်းဝေး



**လင်းခေး ဇူလိုင် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် GEC ပညာရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က လင်းခေးမြို့ တောင်ရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ ဂျီအီးစီပညာရေးအသင်းဥက္ကဋ္ဌ ဦးသိန်းဖေမြင့်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြဝင်းတို့က အစည်းအဝေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စိုင်းဇော်လတ်(လင်းခေး)

## ငပုတောမြို့နယ်၌ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသမှုပေး

**ငပုတော ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးရာ ယနေ့ နံနက်ပိုင်းက ငပုတောမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးမှဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးအောင်နှင့် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ဆန်းဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးမှူး ဒေါက်တာ



သန့်ဇော်မြင့်တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

## ကျိုင်းတုံမြို့၌ ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်



**ကျိုင်းတုံ ဇူလိုင် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်တင်မိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## မုံရွာမြို့၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်

**မုံရွာ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း(TOT) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက်က မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာ ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်လှလှဝင်းက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဥပဒေဘာသာရပ် ကိုးခုအား သင်တန်းနည်းပြဆရာ ကိုးဦးတို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ရက်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးများ၊ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ပြီး သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



### မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

**ဆိုင်ကယ်ဆီဖြည့်သည့်အခါ QR နှင့် နံပါတ်ပြားတိုက်ဆိုင်စစ်ဆေးစေလို**

သို့
အယ်ဒီတာခင်ဗျား

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပြီး ဆိုင်ကယ်တွင် အသုံးပြုရန် စက်သုံးဆီကို QR စနစ်ဖြင့် စနစ်တကျ ဝယ်ယူလေ့ရှိပါသည်။ QR ကုတ်ကို မှားယွင်းအသုံးမပြုနိုင်စေရန်အတွက် ဖုန်းအတွင်းမှာပင် ထည့်သွင်းထိန်းသိမ်းထားခဲ့ပါသည်။ သို့သော် ယခုနောက်ပိုင်းတွင် ဆီဆိုင်သို့ ဆီသွားထည့်သည့်အခါ ကျွန်တော့် QR ကုတ်မှာ ဆီထပ်မံဖြည့်ခွင့်မရှိတော့ကြောင်းသာ ပြသနေခဲ့ပါသည်။ ကျွန်တော်ကဲ့သို့ အချို့သူများတွင်လည်း အဆိုပါပြဿနာများ ဖြစ်ပေါ်နေရသည်ဟု သိရှိတွေ့မြင်ရပါသည်။ နောက်ဆုံးဖြည့်ခဲ့သည့် ဆီဆိုင်ဟု QR ကုတ်စနစ်တွင် ဖော်ပြနေသည့် ဆီဆိုင်သို့ သွားရောက်ပြောကြားရာတွင် QR ကုတ်ကိုသာ ဖတ်ရှု၍ ဆီဖြည့်ပေးလိုက်ခြင်းဖြစ်ရာ QR ကုတ်ကို သက်ဆိုင်ရာဌာနတွင် သွားရောက်ပြောင်းလဲရန်သာ အကြံပြုခဲ့ပါသည်။ အလုပ်တစ်ဖက်နှင့် အချိန်အခက်အခဲရှိသူများ သက်ဆိုင်ရာကညနရုံးသို့ QR ကုတ်ပြောင်းရန်မှာ အခက်အခဲများ ကြုံတွေ့နေရသည်။ အချို့လူများတွင်လည်း QR ကုတ်ကို စာရွက်ထုတ်ရာမှတစ်ဆင့်၊ အခြားသူများကို ဆီသွားရောက်ထုတ်ယူခိုင်းရာမှတစ်ဆင့် QR ကုတ် ကို ခိုးယူကာ ဆီထုတ်ယူမှုများ ရှိနေသည်ဟု သိရှိမြင်တွေ့နေရပါသည်။ ထို့ကြောင့် ကျွန်တော်ကဲ့သို့ အခက်အခဲများနှင့် မကြုံရအောင် ဆီဆိုင်များအနေဖြင့် စက်သုံးဆီရောင်းချရာတွင် QR ကုတ်နှင့် နံပါတ်ပြားစိစစ်ပြီးမှသာ ဆီရောင်းချပေးရန်နှင့် QR ကုတ်အလွဲသုံးစား ပြုလုပ်ခံနေရသူများအတွက် လွယ်ကူသည့် QR ကုတ် အသစ်ပြန်လည်ရရှိရန် နည်းလမ်းများကို အများပြည်သူများ သိရှိနိုင်ရန် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါရန် သက်ဆိုင်ရာဌာနများသို့ တင်ပြအကူအညီ တောင်းခံအပ်ပါသည်ခင်ဗျာ။

ဦးသန်းထွန်း (ပညာရေး)

**အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်**

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

# အိုဘယ့်မိခင် ဧရာဝတီ (၇)

တယော(ရေသယံဇာတ)

ဧရာဝတီမြစ်နှင့် ယင်း၏ မြစ်လက်တက်များသည် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်စွမ်းရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုစီးပွားအပေါ်သက်ရောက်မှုများကို အလေးထားစဉ်းစားရပါမည်။

စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် သဘာဝအရင်းအမြစ်များကို အလွန်အကျွံ အသုံးမချရန် အလွန်အရေးကြီးပါသည်။ လက်ရှိအချိန်တွင် ဧရာဝတီမြစ်သည် သဲတူးဖော်မှုများ၊ ရေလမ်းကြောင်းညစ်ညမ်းမှုများ၊ တရားမဝင် သတ္တုတူးဖော်မှုများ၊ သစ်တောပြုန်းတီးမှုများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့နေရပါသည်။

ထိုအခြေအနေများကို မထိန်းသိမ်းနိုင်ပါက အနာဂတ်တွင် စိုက်ပျိုးရေး၊ စီးပွားရေးနှင့် လူမှုစီးပွားဘဝများအပေါ် ဆိုးရွားသောသက်ရောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အတိတ်၊ မျက်မှောက်ခေတ်နှင့် အနာဂတ်ကို ချိတ်ဆက်ပေးနေသော သဘာဝအမွေအနှစ်တစ်ရပ်ဖြစ်သည့် ဧရာဝတီမြစ်ကို အခြေခံသည့် Integrated River Basin Management (IRBM) ကို အကောင်အထည်ဖော်ရန် လိုအပ်နေပြီး နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းရှိမှသာ ရေရှည်တည်တံ့သော အကျိုးကျေးဇူးများ ရရှိနိုင်ပါမည်။

ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ဧရာဝတီမြစ်ကို ဗဟိုပြုစဉ်းစားခြင်းသည် နိုင်ငံ၏ ရေရှည်စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ဧရာဝတီမြစ်ကို ထိန်းသိမ်းကာကွယ်ရင်း ဖွံ့ဖြိုးရေးနှင့် တိုးတက်မှုကို တစ်ပြိုင်နက်တည်းဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံ၏ အနာဂတ်သည် တည်တံ့ခိုင်မာလာမည်ဖြစ်ပါသည်။

**ရောဝတီမြစ်ကြီးကို မြန်မာနိုင်ငံသားတိုင်း အမှန်တကယ်ချစ်မြတ်နိုးကြပါသည်။ ထို့အတွက် စကားဖြင့် ပြောခြင်း၊ ခံစားချက်ပြခြင်းထက် လုပ်ဆောင်ချက်တွေကို တာဝန်ကျေပွန်စွာ လုပ်ဆောင်ရပါမည်။ လူတစ်ဦးချင်းမှနေ၍ နိုင်ငံတော်အဆင့်အထိ စနစ်တကျလုပ်နိုင်ရမည့်အချက်များ များစွာရှိပါသည်။ အခြေခံအဆင့်အဖြစ် နိုင်ငံသားတစ်ဦးချင်းက မြစ်ကို မညစ်ညမ်းစေရန် အမှိုက်၊ ပလတ်စတစ်၊ စက်သုံးဆီအညစ်ရေများကို မြစ်အတွင်းသို့ မစွန့်ပစ်ရန်နှင့် ဘုရားပွဲများ၊ ပွဲတော်များတွင် eco-friendly အလေ့အကျင့်ကို သုံးရမည်ဖြစ်သည်။**

> **“ ဧရာဝတီမြစ်ကြီးကို မြန်မာနိုင်ငံသားတိုင်း အမှန်တကယ်ချစ်မြတ်နိုးကြပါသည်။ ထို့အတွက် စကားဖြင့် ပြောခြင်း၊ ခံစားချက်ပြခြင်းထက် လုပ်ဆောင်ချက်တွေကို တာဝန်ကျေပွန်စွာ လုပ်ဆောင်ရပါမည်။ လူတစ်ဦးချင်းမှနေ၍ နိုင်ငံတော်အဆင့်အထိ စနစ်တကျလုပ်နိုင်ရမည့် အချက်များ များစွာရှိပါသည်။ အခြေခံအဆင့်အဖြစ် နိုင်ငံသားတစ်ဦးချင်းက မြစ်ကို မညစ်ညမ်းစေရန် အမှိုက်၊ ပလတ်စတစ်၊ စက်သုံးဆီအညစ်ရေများကို မြစ်အတွင်းသို့ မစွန့်ပစ်ရန်နှင့် ဘုရားပွဲများ၊ ပွဲတော်များတွင် eco-friendly အလေ့အကျင့်ကို သုံးရမည်ဖြစ် ”**

နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရန်ပြင်ဆင်နေမှုများ၊ လုပ်ဆောင်နေမှုများ၊ အကောင်အထည်ဖော်နေမှုများနှင့် စီမံကိန်းကြီးများကို ခံစားချက်များဖြင့် ကြိုက်၍၊ မကြိုက်၍ ဆုံးဖြတ်ခြင်း မဟုတ်ပါဘဲ သိပ္ပံနည်းကျစွာ အချက်အလက်များအပေါ် အခြေခံပြီး ဆုံးဖြတ်ရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် တစ်ဖက်စောင်းနင်းဖြစ်၍ မရဘဲ နှစ်ဖက်မျှခြေကြည့် တည်ဆောက်ရပါမည်။ နိုင်ငံတော် ဖွံ့ဖြိုးရေးလည်း လုပ်ဆောင်ကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရပါမည်။

ထို့အတွက် လိုအပ်သော EIA၊ SIA၊ Hydrology၊ Sediment၊ Seismic risk management အစီရင်ခံစာများအပေါ် မူတည်ပြီး စဉ်းစားရပါမည်။ ဧရာဝတီမြစ်ကို အမှန်တကယ်ချစ်သည်ဆိုလျှင် အမုန်းနဲ့ မကာကွယ်ဘဲ သိပ္ပံနည်းကျစွာဖြင့် ကာကွယ်ကြရမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးနဲ့ ထိန်းသိမ်းရေးကို မခွဲခြားဘဲ ပေါင်းစပ်ရပါမည်။

**ဧရာဝတီမြစ်ကြီးကို သိပ္ပံနည်းကျထိန်းသိမ်းမည်ဆိုရလျှင် ခံစားချက်၊ နိုင်ငံရေးစကားလုံးများဖြင့် မဟုတ်ဘဲ ဒေတာအချက်အလက်၊ စနစ်၊ စံနှုန်းအပေါ်အခြေခံပြီး လုပ်ဆောင်သင့်သည့်အချက်များကို အဆင့်လိုက် စနစ်တကျလုပ်ဆောင်ရပါမည်။ River Basin-Scale Management ကို မြစ်ဝှမ်းတစ်ခုလုံးစာအမြင်ဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး Ayeyarwady River Basin Authority အဖွဲ့ကို တည်ထောင်သင့်ပါသည်။ ရေလှောင်တမံကြီးများနှင့် အနိမ့်တမံများတည်ဆောက်၍ နှစ်စဉ်ရေစီးနှုန်း၊ ရာသီအလိုက်ရေစီးနှုန်းများကို ထိန်းသိမ်းပို့လွှတ်သင့်သလိုမြစ်ကြောင်းသက်စောင့်ရေ Environmental Flow (E-flow) သတ်မှတ်ပြီး မဖြတ်တောက်ခြင်းဖြင့် ထိန်းသိမ်းရမည်ဖြစ်ပါသည်။**

သဲနုန်းသယ်ဆောင်မှု၊ နုန်းတင်ပို့မှုများကို စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး မြစ်ဝကျွန်းနှင့် မြေနုကျွန်းများကို ထိန်းသိမ်းဖို့ နုန်းအနည်ကျမှု ပြတ်တောက်ခြင်းမဖြစ်စေရန် စီမံခြင်းများလုပ်ဆောင်ရမည်ဖြစ်ပြီး သဲနုန်းအလွန်အကျွံ တူးဖော်မှုကို ထိန်းချုပ်ရမည်ဖြစ်သည်။ ဧရာဝတီမြစ်ကြီးကို သိပ္ပံနည်းကျထိန်းသိမ်းခြင်းဆိုသည်မှာ ရေစီးနှုန်း၊ သဲနုန်း၊ ပတ်ဝန်းကျင်စနစ်နှင့် လူမှုအကျိုးသက်ရောက်မှုများကို အချက်အလက်များအပေါ် အခြေခံ၍ ရေရှည်အမြင်ဖြင့် စနစ်တကျ စီမံခန့်ခွဲခြင်းဖြစ်သည်။ ဧရာဝတီကို ချစ်သည်ဆိုသည်မှာ သဘာဝကို မထိခိုက်စေဘဲ လူမှုစီးပွားဖွံ့ဖြိုးရေးကို လုပ်ဆောင်နိုင်စေရန် သိပ္ပံနည်းကျတည်ဆောက် အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

ဧရာဝတီမြစ် လက်ရှိ ရင်ဆိုင်နေရသော ပြဿနာများမှာ မိုးရာသီရေကြီးရေလျှံမှု ပိုမိုဆိုးရွားလာခြင်း၊ ပွင့်လင်းရာသီတွင် ရေစီးနှုန်းကျဆင်းလာခြင်း၊ ကမ်းပါးပြိုခြင်း၊ မြစ်ကြောင်းပြောင်းလဲလာခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် နုန်းအနည်ကျမှု မလုံလောက် ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် မြစ်ကြောင်းအတွင်း ရေစီးဆင်းမှုပမာဏပြောင်းလဲမှုမြင့်လာခြင်း စသောအချက်များကို **“မြစ်ကိုလုံးဝမထိရ”** ဆိုသော နည်းလမ်းတစ်ခုတည်းဖြင့် မဖြေရှင်းနိုင်ပါ။ အသေအချာစဉ်းစားကြည့်ပါက မြစ်ဆုံတမံကြောင့် ရေကြီးရေလျှံမှုနှင့် ရေစီးနှုန်းကို ထိန်းကျောင်းနိုင်မည်။

တမံ၏ အထက်ဘက် ရေဝပ်ဧရိယာတွင် ရေစီးဝင်မှုကို အပြည့်အဝထိန်းချုပ်နိုင်ခြင်း၊ ရေကြီးရေလျှံမှုအဆိုးရွားဆုံးအချိန်ကို ကောင်းစွာထိန်းချုပ်နိုင်ပြီး မြစ်အောက်ဘက်ဒေသနှင့် မြစ်ကြောင်းဖြောင့်နိုင်မည်။ မြစ်ရေစီးနှုန်းကို ၁၂ လရာသီပတ်လုံး ထိန်းသိမ်းနိုင်မည်။ မြစ်ကြောင်းကျဉ်းမြောင်းသောနေရာဖြစ်စေကာမူ သင်္ဘောကြီးများ သွားလာနိုင်ရေးလွယ်ကူမည်။ အနိမ့်တမံများ တည်ဆောက်ပြီး ရေမျက်နှာပြင်ထိန်းညှိနိုင်မည်။ အနိမ့်တမံများကို အခြေပြုပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသနေရာအချို့တွင် Pump Storage Type Power Plant များ တည်ဆောက်လာနိုင်မည်။

မြစ်ဝကျွန်းပေါ်ဒေသများကို ရေကြီးရေလျှံမှု အန္တရာယ်လျှော့ချနိုင်ခြင်း စသောအကျိုးကျေးဇူးများရရှိမည် ဖြစ်ပါသည်။ တမံတစ်ခု ရွေးချယ်တည်ဆောက်မှုမမှန်ကန်လျှင် အန္တရာယ်ဖြစ်စေနိုင်သော်လည်း ကောင်းမွန်မှန်ကန်သော operation rule curve ရှိလျှင် ရေကြီးရေလျှံမှု ထိန်းချုပ်နိုင်သည့် flood risk management tool ဖြစ်နိုင်ပါသည်။ ပွင့်လင်းရာသီများတွင် မြစ်ကြောင်းအတွင်း ရေစီးဆင်းမှုနည်းပါးလာ၍ မြစ်အောက်ပိုင်းဒေသ ရေခန်းခြောက်ခြင်းကြောင့် ငါးလုပ်ငန်းနှင့် သောက်သုံးရေအတွက် အခက်အခဲများ ဖြစ်နေပါသည်။ တမံကြီးများသာရှိနေလျှင် မြစ်သက်စောင့်ရေ Environmental Flow (E-flow) ကို အနည်းဆုံးအာမခံပေးနိုင်ပါသည်။ ဤသည်မှာ “မြစ်ကို အသက်ရှင်အောင်ထားခြင်း” ဖြစ်ပါသည်။

**ဧရာဝတီမြစ်ကြီးကို သိပ္ပံနည်းကျမထိန်းသိမ်းဘဲထားလျှင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေကြီးရေလျှံမှုပိုမိုဆိုးရွားပြီး ရေလွှမ်းရေမြုပ်ဧရိယာ ပိုမိုကျယ်ပြန့်လာပါမည်။ ရေခန်းခြောက်သည့် ကာလ ပိုမိုကြာရှည်လာမည်။ တရားမဝင် သဲတူးဖော်မှု၊ ဓာတ်သတ္တုတူးဖော်မှု၊ ရွှေကျင်မှုများကြောင့် မြစ်ကြောင်းပြောင်းလဲမှု မြန်ဆန်လာမည်ဖြစ်ပြီး ကမ်းပါးတိုက်စားမှု၊ ကမ်းပါးပြိုကျမှု ပိုမိုဆိုးရွားလာမည်ဖြစ်သည်။ မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းသည် BOT စီမံကိန်းတစ်ခုဖြစ်ပြီး နှစ်စဉ်ထွက်ရှိသော လျှပ်စစ်ဓာတ်အားများ နိုင်ငံတော်က ရရှိမည်ဖြစ်ပါသည်။**

ထို့ကြောင့် ဧရာဝတီမြစ်ပေါ်တွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ နိုင်ငံတော်ဝင်ငွေရရှိစေသဖြင့် ရရှိသောအကျိုးအမြတ်များကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားသောစီးပွားရေးရင်းနှီးမြှုပ်နှံမှုများအပေါ် ခွဲဝေအသုံးပြုသကဲ့သို့ ၁၃၇၅ မိုင်ရှည်လျားသော ဧရာဝတီမြစ်ကြီး၏ ဝဲယာမြစ်ကမ်းပါးများ ထိန်းသိမ်းခြင်း၊ မြစ်ကြောင်းဖြောင့်ခြင်း၊ ရေကြောင်းသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် မြစ်ကြောင်းထိန်းသိမ်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့ပြင် မြစ်ဆုံဒေသတစ်ဝိုက်ကို မြစ်ဆုံစီမံကိန်းပြခန်းများ၊ အပန်းဖြေစခန်းများ၊ ခရီးသွားလာရေးနေရာများ၊ စက်မှုဇုန်များနှင့် ကုန်သွယ်ရေးဇုန်များပါဖော်ဆောင်၍ သဘာဝနှင့်လူသားများ၏ သဟဇာတဖြစ်မှုကို လှစ်ဟပြသရင်း စီးပွားရေးဖွံ့ဖြိုးမှုကို ပုံဖော်သင့်ပါသည်။

**မြန်မာနိုင်ငံတွင် လျှပ်စစ်မလုံလောက်မှုများ၊ ဓာတ်အားလိုင်းပြတ်တောက်မှုများ ရှိနေဆဲဖြစ်ပါသည်။ သတင်းမီဒီယာသမားများဖြစ်စေ၊ အများပြည်သူများဖြစ်စေ၊ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း စသဖြင့်ဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများဖြစ်စေ ခေတ်သစ်လူနေမှုစနစ်တွင် ကျင်လည်ရှင်သန်နေထိုင်နေကြသူများ ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် များပြားနေသော်လည်း လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာ အသုံးပြုချင်ကြပါသည်။ ဤအချက်ကို ဖြည့်ဆည်းနိုင်သည်မှာလည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသာ ရှိပါသည်။**

ထို့ကြောင့် ဧရာဝတီမြစ်ဆုံဒေသ မေခမြစ်နှင့် မလိခမြစ်တို့ စတင်ပေါင်းဆုံရာနေရာတွင် တမံအမြင့် ၄၅၈ ပေ၊ အလျား ပေ ၄၃၀၀၊ တမံထုထည် ကျင်းပေါင်း ၆ ဒသမ ၅၄ သန်းရှိသည့် ကွန်ကရစ်မျက်နှာပြင်ကျောက်ဖြည့်တမံအမျိုးအစား တမံတစ်ခုတည်ဆောက်ပြီး တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၅၆၀၀ ထွက်ရှိမည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတစ်ရုံကို (BOT)စနစ်ဖြင့် တည်ဆောက်ပြီး နိုင်ငံတော်မှ စရိတ်စိုက်ထုတ်စရာ မလိုအပ်ဘဲ အကျိုးအမြတ်များစွာရရှိမည့် စီမံကိန်းတစ်ခုကို

*စာမျက်နှာ ၁၁ သို့*

## ကယားပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့က လမ်း၊ တံတားလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇူလိုင် ၅**

ကယားပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးရဲဝင်းနှင့် ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကုမ္ပဏီများမှ တင်ဒါအောင်မြင်ပြီး ဆောင်ရွက်လျက်ရှိသော လမ်း ခုနစ်လမ်း ၂/၁ ဒသမ ၈၈ မိုင်အတွက် ရန်ပုံငွေ ၁၁၆၉ ဒသမ ၂၇၃ သန်းနှင့် တံတား ရှစ်စင်းအတွက် ရန်ပုံငွေ ၇၆ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မေစု(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**နတ်တလင်း ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင်၂၈ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**ဖျာပုံ ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက်က သီရိအဏ္ဏဝါခန်းမ၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိနှင့် ဥပဒေပညာရှင်များက ဥပဒေဘာသာရပ် ခုနစ်ခုကို သင်ကြားပို့ချပေးရာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၇၅ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်ရွှေမြို့၌ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းပို့ချ

**ညောင်ရွှေ ဇူလိုင် ၅**

ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယမန်နေ့က ရှမ်းပြည်နယ် ညောင်ရွှေမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပို့ချခဲ့ရာ မြို့နယ်ဥပဒေအရာရှိ ဦးအောင်စိုးမိုးနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိများက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အခြေခံသိသင့်သိထိုက်သည့် ဥပဒေ၊ နည်းဥပဒေ ၁၁ ခုတို့ကို ဆွေးနွေးပို့ချခဲ့ကြသည်။

သင်တန်းအပြီးတွင် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ဥပဒေအရာရှိတို့က သင်တန်းပြီးမြောက်ကြောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းသို့ ညောင်ရွှေမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**





## မော်လမြိုင်မြို့၌ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်

**မော်လမြိုင် ဇူလိုင် ၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ မွန်ပြည်နယ်သံဃနာယကအဖွဲ့ကကြီးမှူး၍ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းကို ဇူလိုင် ၃ ရက်ကဖွင့်လှစ်ရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့က မြို့နယ်သံဃနာယက ဆရာတော်များ၊ ရပ်/ကျေး သံဃနာယက ဆရာတော်များအပါအဝင် စုစုပေါင်း သင်တန်းသား ဆရာတော် အပါး ၁၅၀ တို့အား ဇူလိုင် ၃ ရက်မှ ၅ ရက်အထိပို့ချခဲ့ပြီး သင်တန်းပို့ချမှုအပြင် သာမဏေသာဂုပ္ပမ ဖြစ်သည့်ကိစ္စရပ်များအပေါ် ဆောင်ရွက်ရမည့်အစီအမံများနှင့် နည်းလမ်းများကိုလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးမြှုပ်နှံခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၄ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် သိန်းဖျံကျေးရွာရှိ ဒေါ်နန်းနွမ်း၏ စံပြစိုက်ခင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စိုက်ပျိုးရေးမှူး ဦးအောင်နိုင်နှင့် တောင်သူများက အတူတကွ ထယ်ထိုးမြှုပ်နှံကြစဉ်။ ခွန်ရဲထွေး

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

*စာမျက်နှာ ၁၀ မှ*

အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရမှ ကြိုးပမ်းနေခြင်းဖြစ်ပါသည်။

ထိုစီမံကိန်းသည် နိုင်ငံတော်လျှပ်စစ်ကဏ္ဍ၏ အခြေခံဝန်အား လိုအပ်ချက်ကို ရေရှည်ဖြည့်ပေးနိုင်သော အကြီးစားစီမံကိန်းဖြစ်ပါသည်။ စီမံကိန်းတည်ရှိရာဒေသ၏ လူမှုဖွံ့ဖြိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားရရှိမှု တိုးတက်လာခြင်းကြောင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ ဝင်ငွေလည်း တိုးတက်လာနိုင်ပါသည်။

ဧရာဝတီမြစ်ကြီးပေါ်တွင် ယခုကဲ့သို့ စီမံကိန်းများနှင့် အနိမ့်တမံများ တည်ဆောက်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ပါက ရေကြောင်းကုန်စည်ကူးသန်းရေး၊ ရေကြောင်းခရီးသွားလာရေးနှင့် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကာကွယ်မြှင့်တင်နိုင်ရေးနှင့် စီးပွားရေးခိုင်မာတောင့်တင်းလာစေရေးစသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ရေအားလျှပ်စစ်စီမံကိန်းများသည် နိုင်ငံတော်အတွက် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးရေးစီမံကိန်းများအဖြစ် နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြမည်ဖြစ်သလို မိခင်ဧရာဝတီမြစ်ကြီးသည်လည်း အစဉ်ထာဝရ ရှင်သန်စီးဆင်းနေမည်ဖြစ်ပါကြောင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြစ်ရေမတိမ်ကောရေးတို့အတွက် စာဖတ်ရှုသူပြည်သူများ ဗဟုသုတ အမှန်ရရှိစေရန် ရည်ရွယ်မျှော်ကိုး ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကားချက်**


၁။ တမံများ၏အနာဂတ် ဆရာဝင်းကျော်
၂။ နှလုံးသားထဲကမြကန်နှင့် ပုဂံလွမ်းချင်း ဆရာမြင့်စိုး(နတလ)
၃။ The Ayeyarwady River (Myanmar): Washload Edgardo M Latrubesse transport and its global role among river in the Anthropocene
၄။ "Milestones: Kurobe River No. 4 Hydropower Plant, 1956 – 63" IEEE Archived from the original on 6th March 2012. Retrieved 4th October 2010.
၅။ Nature Communications – Role of dams in reducing global flood exposure under climate change (Dec. 12nd 2025)
၆။ Myanmar National Building Code (MNBC–2020)
၇။ International Commission on Large Dams ICOLD (2016) Selecting Seismic Parameters for Large Dams.
၈။ Myanmar Hydropower Standards (March, 2017)
၉။ Myanmar River Basin Management Assessment World Bank (2018)
၁၀။ Wikipedia
၁၁။ မြန်မာ့အလင်းသတင်းစာ (၁၇.၁၂.၂၀၂၅)
၁၂။ Final ESIA Report with ESMP Subproject 1, ESA ICEM ASIA (March,2018) for Stretch 1 and ESMP Monitoring and Repor–ting during Construction of Subproject1
၁၃။ Myanmar National Building Code (MNBC–2025)
၁၄။ ရိုင်းမြစ်မှသည် ဆရာစည်သူ

# တစ်ပတ်တာ ဖတ်စရာ

## မြန်မာရေးရာ

**ဇွန် ၂၈ ရက်**

### MSME ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော်၌ ကျင်းပသည့် MSME ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူဝါဒလမ်းညွှန်ချက်များပြောကြားပြီး စိုက်ပျိုးရေးအခြေခံ MSME လုပ်ငန်းများနှင့် ကုန်ကြမ်းအခြေပြုထုတ်လုပ်မှုတိုးတက်ရေး၊ နည်းပညာအသုံးပြုမှုမြှင့်တင်ရေးနှင့် ဒေသအလိုက်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ အကောင်အထည်ဖော်ရန် တိုက်တွန်းဆွေးနွေးခဲ့သည်။

### ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို အွန်လိုင်းနှင့် စာစစ်ဌာနများမှတစ်ဆင့် ထုတ်ပြန်ကြေညာသည်။ ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်း ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးစာမေးပွဲတွင် ၄၉ ဒသမ ၇၀ ရာခိုင်နှုန်းအောင်မြင်ခဲ့သည်။

**ဇွန် ၂၉ ရက်**

### နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတမှာကြား

နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ ပညာရေးနှင့် အလုပ်အကိုင်ဖော်ဆောင်ရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားပြီး လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများ မြှင့်တင်ရေးကိုလည်း တိုက်တွန်းခဲ့သည်။ နိုင်ငံတော်က ပညာရေးကဏ္ဍတွင် ကျောင်းအပ်နှံမှုနှင့် သင်ကြားရေးအရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားကဏ္ဍများကိုလည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

### ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆) တိုင်းစစ်ဌာနချုပ် အသီးသီး၌ ဖွင့်လှစ်

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၆) ဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ သင်တန်းကျောင်းများတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**ဇွန် ၃၀ ရက်**

### နိုင်ငံတော်သမ္မတရုံး သတင်းစာရှင်းလင်းပွဲကျင်းပ

နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲတွင် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက နိုင်ငံတော်သမ္မတ၏ ပြည်ပနိုင်ငံ ခရီးစဉ်များအတွင်း ကဏ္ဍပေါင်းစုံတွင် အောင်မြင်သည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် MoU ရေးထိုးနိုင်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် အစိုးရသစ် ရက် (၁၀၀) အတွင်း ဝန်ကြီးဌာနအလိုက် လုပ်ငန်းဖော်ဆောင်နိုင်မှုများ၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှုနှင့် DEMU ရထား တိုးချဲ့ပြေးဆွဲမှု စသည့် အောင်မြင်သည့်လုပ်ငန်းများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ မေးမြန်းမှုများဖြစ်သည့် မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပြီး ကောင်းကျိုး ဆိုးကျိုးများကို ပညာရှင်များဖြင့် အသေးစိတ်တွက်ချက် ဆန်းစစ်လျက်ရှိသည့် ကိစ္စရပ်များ၊ ဂျပန်နိုင်ငံနှင့်ပတ်သက်၍ အကူအညီအသစ်များ မပေးနိုင်သည့်တိုင် ယခင်သဘောတူညီချက်ဟောင်းများကို ပြန်လည်ပေးစေလိုခြင်း စသည်တို့ကို ဒုတိယဝန်ကြီးက ဖြေကြားခဲ့သည့်အပြင် အစိုးရက မည်သည့်ကြိုတင်ကန့်သတ်ချက်မျှမရှိဘဲ တိုက်ပွဲဖြစ်ပွားနေသည့် အဖွဲ့အစည်းများအားလုံး အချိန်မရွေး လာရောက်ဆွေးနွေးရန် တံခါးဖွင့်ကမ်းလှမ်းထားခြင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF များနှင့် အကျဉ်းထောင်များမှ လွတ်ငြိမ်းသက်သာခွင့်ရသူများကို Black List စာရင်းထည့်မထားခြင်း စသည်ဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်ကို မြင်တွေ့ရသည်။

### ကလေး–တမူးလမ်းရှိ ကနန်ရွာနှင့် အကြမ်းဖက်ခံစစ်စခန်း တပ်မတော်က သိမ်းပိုက်ရရှိ

ကလေး–တမူး ဆက်သွယ်ရေးလမ်းကြောင်းတွင် တပ်မတော်စစ်ကြောင်းများက ကနန်ကျေးရွာနှင့် အကြမ်းဖက်သမားများ၏ ခံစစ်စခန်း တစ်ခုကို ထပ်မံသိမ်းပိုက်ရရှိခဲ့ရာ ဒေသတည်ငြိမ်ရေးနှင့် ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းခြင်း၊ လမ်းနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင် ၁ ရက်**

### မြန်မာအမျိုးသမီးများနေ့အကြို အထိမ်းအမှတ်ပွဲ ကျင်းပ

၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် "ပုလဲရတုစွမ်းအားပြု၊ ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတဖျော်ဖြေပွဲကို နေပြည်တော် MICC–I ၌ ကျင်းပရာ ဖျော်ဖြေပွဲများ၊ ဖက်ရှင်ပြပွဲများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ပညာပေးအစီအစဉ်များအပြင် အမျိုးသမီး စွမ်းဆောင်ရည်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

### စစ်မှုထမ်းကာလ ပြီးမြောက်သူများအား ဂုဏ်ပြုလက်မှတ်နှင့် တံဆိပ်ပေးအပ်

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၃/၂၀၂၄) မှ စစ်မှုထမ်းများအား ဇူလိုင် ၁ ရက်က တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ သတ်မှတ်ကာလ ပြည့်မြောက်သူများသည် ဆန္ဒရှိပါက တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သကဲ့သို့ အလုပ်အကိုင်ရရှိရေးအတွက်လည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

**ဇူလိုင် ၂ ရက်**

### မြန်မာ–ဘယ်လာရုစ် သမ္မတနှစ်ဦး နေပြည်တော်တွင် တွေ့ဆုံ၍ ကဏ္ဍပေါင်းစုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ဘယ်လာရုစ်သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့သည် နေပြည်တော်၌ တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး အောင်မြင်စွာ ဆွေးနွေးခဲ့ကြသည်။ စီးပွားရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် ဆေးဝါးကဏ္ဍအပါအဝင် ပူးတွဲလုပ်ငန်းစီမံချက်များ အတွက် သဘောတူညီမှုများ ပြုလုပ်နိုင်ခဲ့ကြသည်။

### အာဆီယံထုတ်ပြန်ချက် (၅)ရပ်အပေါ် လွှတ်တော်တွင် ဆွေးနွေး

နေပြည်တော်၌ ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့တွင် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် ပတ်သက်သည့် အဆိုအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။ အဆိုပါထုတ်ပြန်ချက်သည် အာဆီယံအခြေခံမူများနှင့် ကိုက်ညီမှုမရှိကြောင်းနှင့် ပြန် လည်သုံးသပ်ရန်လိုအပ်ကြောင်း တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အစည်းအဝေးကို ဇူလိုင် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ဇူလိုင် ၃ ရက်**

### နိုင်ငံတော်သမ္မတ၏ လာအိုခရီးစဉ်တွင် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်နေသည့် မြန်မာနိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးတို့အား လာအိုသမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်က သမ္မတအိမ်တော်တို့တွင် ဂုဏ်ပြုကြိုဆိုခဲ့ပြီး ဂုဏ်ပြုအလေးပြုမှုများနှင့်အတူ တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို အဓိကထား ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ခြင်းနှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးခြင်းအပါအဝင် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ချုပ်ဆိုနိုင်ခဲ့သည်။ ထို့ပြင် ဂုဏ်ပြုညစာနှင့် ယဉ်ကျေးမှုအစီအစဉ်များဖြင့်လည်း ဧည့်ဝတ်ပြုခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေခဲ့သည်။

**ဇူလိုင် ၄ ရက်**

### နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုနိုင်ငံရှိ အထင်ကရနေရာများ လေ့လာ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ထက်လွမ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး ဘုရားဝင်းအတွင်းရှိ သမိုင်းဝင်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။ ထို့နောက် Patuxai (Victory Gate) အထိမ်းအမှတ်အဆောက်အအုံ၏ သမိုင်းနှင့် လက်ရာအနုပညာများကိုလည်းကောင်း၊ လာအိုနိုင်ငံရှိ အသေးစားနှင့် အလတ်စား လက်မှုပညာလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts တွင် ရိုးရာချည်ထည်နှင့် ပိုးထည်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့သည်။

### မဲဇာနှင့် နန့်သဲကျေးရွာများ ပြန်လည်ထိန်းချုပ်

တပ်မတော်စစ်ကြောင်းများသည် အင်းတော်ဒေသအတွင်း ဇူလိုင် ၄ ရက် ညနေပိုင်းက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မဲဇာကျေးရွာနှင့် နန့်သဲကျေးရွာတို့ကို ထပ်မံသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး သောင်းကျန်းသူများ ထိခိုက်သေဆုံးမှုများဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ကြသည်။ စစ်ဆင်ရေးအတွင်း လက်နက်မျိုးစုံ၊ မော်တော်ယာဉ်များနှင့် Drone ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

# တစ်ပတ်တာ ဖတ်စရာ

## ကမ္ဘာရေးရာ

### တရုတ်ခရီးသွား သုံးသောင်းကျော် အန်ကောသို့လာရောက်

၂၀၂၆ ပထမနှစ်ဝက်တွင် အန်ကောဒေသသို့ တရုတ်ခရီးသွား ၃၃၉၈၁ ဦး လာရောက်ခဲ့ပြီး တရုတ်သည် စတုတ္ထအများဆုံး ခရီးသွားပို့ဆောင်သည့်နိုင်ငံ ဖြစ်သည်။

### အင်ဒိုနီးရှား ငါးဖမ်းရေယာဉ်လေးထောင်ကျော် အဆင့်မြှင့်

ငါးဖမ်းရေယာဉ် ၄၅၈၂ စင်းကို အဆင့်မြှင့်တင်ကာ နှစ်စဉ် ငါးထွက်ရှိမှု ၂ ဒသမ ၃ သန်းတန်အထိ တိုးမြှင့်ရန် ရည်မှန်းထားသည်။

### MH370 ရှာဖွေရေး သက်တမ်းတိုး

ပျောက်ဆုံးနေသည့် MH370 လေယာဉ်ကို ဆက်လက်ရှာဖွေရန် မလေးရှားက ရှာဖွေရေးစာချုပ်ကို နောက်ထပ် တစ်နှစ်တိုးခဲ့သည်။

### အင်ဒိုနီးရှား ဆင်းမ်ကတ်စည်းမျဉ်းသစ်စတင်

အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရန် ဇူလိုင် ၁ ရက်မှစ၍ ဆင်းမ်ကတ်အသစ်များကို Biometric အချက်အလက်ဖြင့် မှတ်ပုံတင်ရမည်ဖြစ်သည်။

### ဆိုမာလီယာ အငတ်ဘေးပိုမိုဆိုးရွား

မိုးခေါင်မှုနှင့် ပဋိပက္ခများကြောင့် လူ နှစ်သန်းခန့် အငတ်ဘေးကြုံနေရပြီး ကလေး ၁ ဒသမ ၉ သန်းမှာ အာဟာရချို့တဲ့နေကြောင်း WFP က သတိပေးထားသည်။

### ထိုင်း၌ ၁၁ နှစ်ကလေးက သံဃာ ၁၀ ပါးအား ကားဖြင့်တိုက်

ထိုင်းတွင် ၁၁ နှစ်အရွယ်ကလေး မောင်းလာသည့်ကား ဝင်တိုက်မှုကြောင့် သံဃာ ၁၀ ပါးခန့် ပျံလွန်တော်မူခဲ့သည်။

### အာဖဂန်နစ္စတန်၌ မိခင်သေဆုံးမှု မြင့်တက်

ကျန်းမာရေးဝန်ထမ်းရှားပါးမှုနှင့် ကန့်သတ်ချက်များကြောင့် မိခင်သေဆုံးမှုနှုန်း မြင့်တက်နေပြီး အခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း WHO က ပြောကြားသည်။

## အမေရိကန်-အီရန် ဆွေးနွေးပွဲ၌ ပါကစ္စတန်က အိမ်ရှင်အဖြစ် ဆောင်ရွက်မည်

ရီယာ့ဒ် ဇူလိုင် ၅

အမေရိကန်နှင့် အီရန်တို့၏ ဇူလိုင် ၁၁ ရက်တွင် ပြုလုပ်မည့် နောက်တစ်ကြိမ် ဆွေးနွေးပွဲကို ပါကစ္စတန်က အိမ်ရှင်အဖြစ် ဆောင်ရွက်သွားမည်ဟု အယ်အာရေဗီးယား သတင်းချန်နယ်တွင် ဇူလိုင် ၄ ရက်က ဖော်ပြထားသည်။

လာမည့် ဆွေးနွေးပွဲတွင် အမေရိကန်၏ အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ၊ အီရန်၏ ပိတ်ဆို့ခံထားရသည့် ပိုင်ဆိုင်မှုများနှင့် အီရန် နျူကလီးယားအရေးတို့ကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များကို ကိုးကား၍ ဖော်ပြထားသည်။

ယင်းမတိုင်မီ ဇွန် ၂၂ ရက်တွင် အီရန်နှင့် အမေရိကန်တို့၏ ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပခဲ့ပြီးဖြစ်သည်။ ထို့အပြင် ယခင်ကလည်း ပါကစ္စတန်နှင့် ကာတာနိုင်ငံတို့၏ ကြားဝင်ဆောင်ရွက်မှုဖြင့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့များအကြား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့သည်။

**ဆင်ဟွာ**

## အီသီယိုးပီးယား၌ ကော်ဖီတင်ပို့မှု ဝင်ငွေ ဒေါ်လာ ၃ ဘီလီယံ စံချိန်တင်ရရှိ

အဒစ္စအဘာဘာ ဇူလိုင် ၅

အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကော်ဖီတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဘီလီယံ စံချိန်တင်ရရှိခဲ့ကြောင်း ကော်ဖီနှင့် လက်ဖက်လုပ်ငန်းအာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် အဒူဂနာ ဒီဘေလာက ပြောကြားသည်။

ထိုကဲ့သို့ စံချိန်တင်ဝင်ငွေ ရရှိခြင်းမှာ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရရှိသည့် အရည်အသွေးမြင့်ကော်ဖီနှင့် အထူးတန်းဝင် ကော်ဖီများ တင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဇူလိုင် ၃ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့သည်။



ယင်းကာလအတွင်း အီသီယိုးပီးယား ကော်ဖီတစ်တန်လျှင် ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၇၅၀၀ ဖြင့် ရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်က ဒေါ်လာ ၆၀၀၀ ထက် မြင့်တက်လာခဲ့ကြောင်း၊ အခြားကော်ဖီတင်ပို့သည့် နိုင်ငံများသည် ယခင်နှစ်ကထက် ၄၀ ရာခိုင်နှုန်း လျော့နည်းသည့် ဈေးနှုန်းကိုသာ ရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗင်နီဇွဲလားငလျင်ကြောင့် သေဆုံးသူ ၂၉၀၀ ကျော်လာ

ကရာကတ် ဇူလိုင် ၅

ဗင်နီဇွဲလားနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်း လှုပ်ခတ်ခဲ့သည့် ငလျင်နှစ်ခုကြောင့် သေဆုံးသူစုစုပေါင်းသည် ၂၉၅၄ ဦးအထိ တိုးလာပြီး ဒဏ်ရာရရှိသူ ၁၆၅၉၂ ဦးရှိကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂျော့ရှိ ဒရီဂွက်ဇ်က ဇူလိုင် ၄ ရက်တွင် ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၆၂၀၉ ဦးမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး အဆောက်အအုံ ၈၅၆ လုံး ပျက်စီးကာ ၁၉၀ မှာ ပြိုကျခဲ့ကြောင်း သိရသည်။ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေရန် ပြည်ပမှ ကယ်ဆယ်ရေးသမား ၃၂၈၁ ဦးအပါအဝင် စုစုပေါင်း ၂၉၅၆၇ ဦးကို စေလွှတ်ထားကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### အာဖဂန်အနောက်ပိုင်း စက်ရုံများ၌ အလုပ်သမားတစ်သိန်းခွဲကျော် ဝင်ရောက်

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်ရှိ စက်ရုံများတွင် အလုပ်အကိုင် ၁၆၅၀၀၀ ဝန်းကျင်ရှိကြောင်း ဘာ့ခ်ထာ သတင်းအေဂျင်စီက ဇူလိုင် ၅ ရက်တွင် ဖော်ပြသည်။

ဟီရတ်ပြည်နယ်တွင် စက်ရုံပေါင်း ၁၃၀၀ ကျော် လည်ပတ်နေပြီး အဆိုပါစက်ရုံများတွင် ဝန်ထမ်းပေါင်း ၁၆၅၀၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိသည်။ ယင်းစက်ရုံများတွင် ဆေးဝါး၊ အစားအသောက်၊ ချည်မျှင်နှင့် အခြားကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

### ဘင်္ဂလားဒေ့ရှ်၌ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၄၈ ဘီလီယံရရှိ

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပို့ကုန်ဝင်ငွေသည် ၀ ဒသမ ၅၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၈ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

ဇွန်လအတွင်းတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၀ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၆ ရာခိုင်နှုန်းနီးပါး တိုးတက်လာခြင်းဖြစ်ကြောင်း ပို့ကုန်မြှင့်တင်ရေးဗျူရို၏ ဇူလိုင် ၅ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

### ကွန်ဂို၌ မြစ်ကြောင်းသွားသင်္ဘောတိမ်းမှောက်၍ ၂၀ သေဆုံး၊ ၁၀၀ ကျော် ပျောက်ဆုံးနေ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာဆိုင်းပြည်နယ် အီလီဘိုနယ်မြေတွင် ကာဆိုင်းမြစ်နှင့် ဆန်ကူရူမြစ်တို့ဆုံရာအနီး၌ လူ ၂၀၀ ကျော်နှင့် ကုန်ပစ္စည်းများတင်ဆောင်ထားသည့် မြစ်ကြောင်းသွားသင်္ဘောတစ်စင်း တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၁၀၀ ကျော် ပျောက်ဆုံးနေကြောင်း သိရသည်။ ငါးဖမ်းသမားများက လူ ၈၀ ခန့်ကို ကယ်တင်နိုင်ခဲ့ကြောင်း ဒေသတွင်းအုပ်ချုပ်ရေးမှူး ဖရန်ဆွာ ကာဘူလာက ဒေသမီဒီယာများကို ဇူလိုင် ၄ ရက်တွင် ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်မှ ပွဲစဉ် သုံးပွဲကို ဇူလိုင် ၇ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံးနဲ့ အကြိတ်အနယ်အရှိဆုံးဖြစ်လာမယ့် ပွဲစဉ်တွေ ပါဝင်နေတာကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီး နောက်တစ်ဆင့်တက်လှမ်းသွားမလဲ ရင်သပ်ရှုမောဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

### ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်

| | |
|---|---|
| ပေါ်တူဂီ - စပိန် | နံနက် ၁း၃၀ |
| အမေရိကန် - ဘယ်လ်ဂျီယံ | နံနက် ၆း၃၀ |
| အာဂျင်တီးနား - အီဂျစ် | ည ၁၁း၃၀ |

TUE JULY 7

# နောက်တစ်ဆင့်တက်ရေး စပိန်ကိုနိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမယ့် ပေါ်တူဂီ

■ မိုးဇက် - စုစည်းသည်

### ပေါ်တူဂီ VS စပိန်

ပေါ်တူဂီက အသင်းကြီးတွေနဲ့ ကစားတဲ့အခါ ခံစစ်ပိုင်း ဟာကွက်ဖြစ်ပေါ်ပြီး တိုက်စစ်လမ်းကြောင်း ပုံဖော်ရာမှာ အခက်တွေ့နေတတ်တယ်။ စပိန်က ကွင်းလယ်ပိုင်းထိန်းချုပ်မှုအားကောင်းပြီး မြန်နှုန်းမြင့်လူငယ်ကစားသမားတွေနဲ့ တိုက်စစ်ကို လျင်လျင်မြန်မြန် ပုံဖော်နိုင်စွမ်းရှိတယ်။ စပိန်ထက် ပေါ်တူဂီနိုင်ဖွယ်ရာရှိတယ်။

| အုပ်စုပွဲစဉ် ရလဒ်များ | ပေါ်တူဂီအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|---|
| ပေါ်တူဂီ ၁-၁ ကွန်ဂို | ၃၂ သင်းအဆင့် ရလဒ် |
| ပေါ်တူဂီ ၅-၀ ဥဇဘက် | ပေါ်တူဂီ ၂-၁ ခရိုအေးရှား |
| ကိုလံဘီယာ ၀-၀ ပေါ်တူဂီ | |

| အုပ်စုပွဲစဉ် ရလဒ်များ | စပိန်အသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|---|
| စပိန် ၀-၀ ကိတ်ဗာဒီ | ၃၂ သင်းအဆင့် ရလဒ် |
| စပိန် ၄-၀ ဆော်ဒီ | စပိန် ၃-၀ ဩစတြီးယား |
| ဥရုဂွေး ၀-၁ စပိန် | |

### အမေရိကန် VS ဘယ်လ်ဂျီယံ

အမေရိကန်က ခံစစ်ကနေ တိုက်စစ်ကို ကူးပြောင်းရာမှာ လျင်မြန်မှုရှိတယ်ဆိုပေမယ့် တံ့ဆိုင်းမှုမရှိဘဲ အဆုံးသတ်သေချာတဲ့ ဂိုးသွင်းရှင်လိုအပ်မှုရှိတယ်။ ဘယ်လ်ဂျီယံက ကမ္ဘာ့အဆင့်ကစားသမားတွေ အများအပြားရှိတာကြောင့် ဖိအားတွေအောက်မှာ ဂိုးသွင်းယူနိုင်စွမ်းမြင့်မားတယ်။ ဘယ်လ်ဂျီယံ နိုင်ဖွယ်ရာရှိတယ်။

| အုပ်စုပွဲစဉ် ရလဒ်များ | အမေရိကန်အသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|---|
| အမေရိကန် ၄-၁ ပါရာဂွေး | ၃၂ သင်းအဆင့် ရလဒ် |
| အမေရိကန် ၂-၀ ဩစတြေးလျ | အမေရိကန် ၂-၀ ဘော့စနီးယား |
| တူရကီ ၃-၂ အမေရိကန် | |

| အုပ်စုပွဲစဉ် ရလဒ်များ | ဘယ်လ်ဂျီယံအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|---|
| ဘယ်လ်ဂျီယံ ၁-၁ အီဂျစ် | ၃၂ သင်းအဆင့် ရလဒ် |
| ဘယ်လ်ဂျီယံ ၀-၀ အီရန် | ဘယ်လ်ဂျီယံ ၃-၂ ဆီနီဂေါ |
| နယူးဇီလန် ၁-၅ ဘယ်လ်ဂျီယံ | |

### အာဂျင်တီးနား VS အီဂျစ်

မက်ဆီခြေစွမ်းပြမှုနဲ့အတူ အာဂျင်တီးနားက ပွဲစဉ်တိုင်းနီးပါး ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ဖိအားပေးကစားနိုင်စွမ်းရှိတယ်။ အီဂျစ်ရဲ့ တိုက်စစ်က တည်တည်ငြိမ်ငြိမ်နဲ့ ပြိုင်ဘက်ခံစစ်ကို အကြိမ်ကြိမ်ထိုးဖောက်နိုင်တယ်။ အီဂျစ်ရဲ့ ရှန်းအားကြောင့် အာဂျင်တီးနား အခက်တွေ့နိုင်တယ်။

| အုပ်စုပွဲစဉ် ရလဒ်များ | အာဂျင်တီးနားအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|---|
| အာဂျင်တီးနား၃-၀အယ်ဂျီးရီးယား | ၃၂ သင်းအဆင့် ရလဒ် |
| အာဂျင်တီးနား၂-၀ ဩစတြီးယား | အာဂျင်တီးနား ၃-၂ ကိတ်ဗာဒီ |
| ဂျော်ဒန် ၁-၃ အာဂျင်တီးနား | |

| အုပ်စုပွဲစဉ် ရလဒ်များ | အီဂျစ်အသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|---|
| ဘယ်လ်ဂျီယံ ၁-၁ အီဂျစ် | ၃၂ သင်းအဆင့် ရလဒ် |
| နယူးဇီလန် ၁-၃ အီဂျစ် | ဩစတြေးလျ ၁-၁ အီဂျစ် |
| အီဂျစ် ၁-၁ အီရန် | |


■ ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-နှစ်ဂိုးဖြင့် အီဂျစ်နိုင်ပွဲရ



စီရော်နယ်ဒို (တိုက်စစ် - ပေါ်တူဂီ)

✓ ပြိုင်ဘက်ဧရိယာအတွင်း တုံ့ဆိုင်းမှုမရှိ ဂိုးသွင်းယူနိုင်ခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၃ ကြိမ်



ဖိုလာရင် ဘာလိုဂန် (တိုက်စစ် - အမေရိကန်)

✓ အဆုံးသတ် ဂိုးသွင်းယူမှု အားကောင်းခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၃ ကြိမ်



မက်ဆီ (တိုက်စစ် - အာဂျင်တီးနား)

✓ နေရာစုံလိုက်ပါကစားနိုင်တဲ့အပြင် ဂိုးဖန်တီးမှုနဲ့ ဂိုးသွင်းယူရာမှာ ထူးချွန်ခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၇ ကြိမ်



ယာမဲလ် (တောင်ပံတိုက်စစ် - စပိန်)

✓ ဂိုးဖန်တီးနိုင်မှုအပြင် ပြင်းထန်အားပါတဲ့ အဝေးကန်ချက်နဲ့ ဂိုးသွင်းယူနိုင်ခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၁ ကြိမ်



ထရော့ဆတ်ဒ် (တောင်ပံတိုက်စစ် - ဘယ်လ်ဂျီယံ)

✓ နေရာစုံ လိုက်ပါကစားနိုင်ပြီး ဂိုးသွင်းယူနိုင်ခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၁ ကြိမ်



ဆာလာ (တိုက်စစ် - အီဂျစ်)

✓ ဂိုးသွင်းနိုင်မှုအပြင် ဂိုးဖန်တီးမှုမှာပါ သေချာမှုရှိခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၃ ကြိမ်

## လယ်ဝေးမြို့နယ်၌ ပိုးသတ်ဆေးကင်းစင်သည့် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေး ကွင်းသရုပ်ပြ

**နေပြည်တော် ဇူလိုင် ၅**

စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ တောင်သူ ဒေါ်သင်းသင်းခိုင်၏ နှံကောက်၊ သက်တမ်းတို သုခစပါးစိုက်ခင်း၌ ပိုးသတ်ဆေးကင်းစင်သည့် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁ ရက်က ကျင်းပသည်။



အဆိုပါ ကွင်းသရုပ်ပြပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသူရစိုး၊ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများ၊ သီးနှံစိုက် တောင်သူ စုစုပေါင်း ၁၆၀ တက်ရောက်ခဲ့ပြီး နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

မြို့နယ်( ပြန်/ဆက်)

## ကော့သောင်းမြို့နယ်၌ GAP စိုက်ပျိုးထုတ်လုပ်ခြင်းသင်တန်းနှင့် ကွင်းသရုပ်ပြ

**ကော့သောင်း ဇူလိုင် ၅**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန (၁၀)မိုင် ဥယျာဉ်ခြံ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာ သင်တန်းနှင့် ကွင်းသရုပ်ပြပွဲကို ဇွန် ၃၀ ရက်က ဆောင်ရွက်ရာ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ တောင်သူများ၊



စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကား ပြောကြားကာ ခရိုင်စိုက်ပျိုးရေးမှူး ဦးမြင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန (၁၀)မိုင် ဥယျာဉ်ခြံ ဦးစီးမှူးက စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဥယျာဉ်ခြံ လုပ်ကိုင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပို့ချခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## မိုင်းယုမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေး

**မိုင်းယု ဇူလိုင် ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းယုမြို့ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ မြို့ရုံးတာဝန်ခံ ဦးအောင်သူဟိန်းနှင့်ဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်ပြည့်သည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇူလိုင် ၁ ရက်က မြို့မရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၄၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



ကိုကိုနိုင်(ပြန်/ဆက်)

## သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် အာဟာရကျွေးမွေး

**ငပုတော ဇူလိုင် ၅**

(၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၁ ရက်က ငပုတောမြို့နယ် သမဝါယမ မိသားစုမှ ဦးစီးအရာရှိ ဒေါ်ခင်မာအေးနှင့် ဝန်ထမ်းများက ငပုတောမြို့ အရှေ့ပိုင်းရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော မဟာရာဇာမုနိ အောင်တော်မူစေတီတော်မြတ်ကြီးတွင် ဘုရားရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

ထို့နောက် အမက ဥယျာဉ်ကုန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ပဲနို့ဘူးများနှင့် ပေါင်မုန့်များကို ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။



အောင်သူ(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက်က ၂ မိုင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကျေးသီးမြို့နယ် ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်ဦး၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက သစ်ပင်ငါးမျိုး၊ အပင် ၁၀၀၀ စိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)

မြင်းခြံမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာ သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို ဇွန် ၂၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၃၅ ဦး တက်ရောက်သင်ယူစဉ်။

ချစ်ဦးနွေ(မြင်းခြံ)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## မြို့နယ်အသီးသီး၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းများဖွင့်



**နေပြည်တော်**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းကို ဇူလိုင် ၁ ရက်က ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ကိုကိုမျိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို ဆက်လက်ပို့ချရာ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

**မြို့သစ်**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၃၀ ရက်က မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် သင်တန်းသို့ တက်ရောက်လာသည့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေ၊ နည်းဥပဒေများကို နှစ်ရက်တာ ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မအူပင်**

မအူပင်မြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးဝေဟင်က သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်ဥပဒေအရာရှိက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၈၈ ဦးအား ဥပဒေသိကောင်းစရာများကို သုံးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



ညောင်လေးပင်မြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းအောင်က အမှာစကားပြောကြားပြီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၁ ဦး တက်ရောက်သင်ကြားစဉ်။ မြို့နယ်(ပြန်/ဆက်)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ ဇူလိုင် ၄ ရက်က လယ်ဝေးမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ခရမ်းကိုင်း အထက(ခွဲ)နှင့် ရွာချောင်း အထက (ခွဲ) ကျောင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Interrogative Pronouns (အမေးနာမ်စား) နဲ့ Reciprocal Pronoun (အပြန်အလှန်သုံးသောနာမ်စား) အကြောင်း ပိုမိုနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီတစ်ပတ်မှာ Relative Pronouns (ရှေ့ရှိနာမ်ကို ဆက်သွယ်ညွှန်းဆိုသည့် ဆက်သွယ်နာမ်စားသို့ အညွှန်းနာမ်စား)အကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about health and lifestyle–II (ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘဝနေထိုင်မှုပုံစံနဲ့ပတ်သက်ပြီး ဘယ်လိုပြောမလဲ)ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်)အပိုင်းမှာလည်း နေ့စဉ်သုံးအီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ သာဓက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

ယခင်အပတ် Exercise (1) မှအဖြေများ

1.Each 2.Which 3.What 4.anyone 5.Whom
6.Which 7.whom 8.Whom 9.Which 10.What
11.What 12.Whichever

**Exercise (2) Fill in the blanks with "each other" or "one another".**

1. The twins are playing with ………..
2. The basketball team always cooperates with ………..
3. The army performs rifle tests on ………..
4. The two friends enjoy shopping with ………..
5. My family helps ……….. with the housework.
6. Xiu Xiu's parents are very close to ………..
7. My three dogs often play with ………..
8. The class is discussing the issue with ………..
9. On Friendship Day, the pupils make cards for ………..
10. My sister and I help ……….. with our homework.

**Exercise (3) Fill in the blanks with a reciprocal pronoun.**

1. Alice and her friends meet ……….. weekly for dinner.
2. The businessmen are shaking hands with ………..
3. "Take care of ………..," Mrs Tan told her two children.
4. Ali and his brother are talking to ………..
5. The two friends often write to ………..
6. To ensure their safety, the group of workmen watch out for ………..
7. Anna and I often watch movies with ………..
8. The television crew shouted instructions to ………..
9. Lisa and Mabel are the same size so they often exchange clothes with ………..
10. The three teams compete with ……….. every year for the gold medal.




**Relative Pronouns (ရှေ့ရှိနာမ်ကို ဆက်သွယ်ညွှန်းဆိုသည့် ဆက်သွယ်နာမ်စားသို့ အညွှန်းနာမ်စား)**

I know the boy. He lives there.

I know the boy who lives there.

အထက်ဖော်ပြပါဝါကျတွင် who သည် ဘာကိုညွှန်းဆိုသလဲဆိုရင် သူ့ရှေ့မှာရှိသည့် Noun ဖြစ်သော the boy ကို ညွှန်းဆိုပါတယ်။ ဒီနေရာမှာ who သည် မေးခွန်းမဟုတ်ပါဘူး။ ဝါကျနှစ်ခုကို ဆက်ရန် သုံးထားသည့် ဆက်သွယ်နာမ်စားတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် who ကို Relative Pronoun (ရှေ့ရှိနာမ်ကို ဆက်သွယ် ညွှန်းဆိုသည့် ဆက်သွယ်နာမ်စားသို့မဟုတ် အညွှန်းနာမ်စား)ဟု ခေါ်ပါသည်။ အောက်ပါဝါကျများကို လေ့လာကြည့်ရအောင်။

- I know Khin Khin. She is very popular.
  I know Khin Khin who is very popular.
- The girl likes this Barbie doll. It is expensive.
  The girl likes this Barbie doll which is expensive.
- Something was wrong. I did not know it.
  I did not know what was wrong.
- This is an old story. Mother used to tell us about it.
  This is an old story that mother used to tell us.

ဝါကျတွေမှာ ဖော်ပြထားတဲ့ who၊ which၊ what နဲ့ that တို့ဟာ Relative Pronouns (ရှေ့ရှိနာမ်ကို ဆက်သွယ်ညွှန်းဆိုသည့် ဆက်သွယ်နာမ်စားသို့ အညွှန်းနာမ်စား)လို့ ခေါ်ပါတယ်။ ဒီနေရာမှာ မှတ်ရမှာက what ကို သုံးသည့်အခါတွင် ၎င်းကိုယ်စားပြုထားသည့် နာမ်ကို ဝါကျထဲတွင် ဖော်ပြလေ့မရှိပါဘူး။ အောက်မှာဖော်ပြပေးမယ့် ဝါကျတွေကိုလည်း ဆက်လက်လေ့လာကြည့်ရအောင်။

- The man who killed the snake is Mary's uncle.
- That is the cat which caught the rat.
- The eggs that she bought were bad.
- The man whom you met yesterday is here.
- The lady whose bag was stolen has made a report to the police.

ဒီနေရာမှာ နီ၊ မည်း၊ ပြထားတဲ့ who၊ which၊ that၊ whom နဲ့ whose တို့သည် Relative Pronouns (ရှေ့ရှိနာမ်ကို ဆက်သွယ်ညွှန်းဆိုသည့် ဆက်သွယ်နာမ်စားသို့ အညွှန်းနာမ်စား)များ ဖြစ်ကြသည်။ ဒီ Pronoun တွေကို အရာဝတ္ထုတွေကို ညွှန်းမလား၊ လူပုဂ္ဂိုလ်တွေကို ညွှန်းမလား ဆိုပြီး သူတို့ညွှန်းချင်တဲ့အခြေအနေပေါ် မူတည်ပြီး အသုံးပြုနိုင်ပါတယ်။

## Vocabulary Enrichment Programme

1. **a storm in a teacup = (သေးငယ်တဲ့ကိစ္စကို အကြီးအကျယ် လုပ်ခြင်း)**
   **Their argument was just a storm in a teacup.**
   **သူတို့ရဲ့ အငြင်းပွားမှုက တဖြည်းဖြည်း ကြီးမားလာတယ်။**
2. **a tall order = (လုပ်ဆောင်ရန် အလွန်ခက်ခဲသော အလုပ်)**
   **Finishing it in one day is a tall order.**
   **ဒါကို တစ်နေ့တည်းနဲ့ အပြီးလုပ်ဖို့ဆိုတာ အလွန်ခက်တယ်။**
2. **a wet blanket = (ပျော်ရွှင်မှုကို ဖျက်ဆီးတတ်သူ)**
   **Don't be such a wet blanket.**
   **ပျော်ရွှင်မှုကို မဖျက်ဆီးရဘူး။**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about health and lifestyle–II (ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘဝနေထိုင်မှုပုံစံနဲ့ပတ်သက်ပြီး ဘယ်လိုပြောမလဲ)

*I'm not trying to … weight. (lose)*
*I'm just trying to … off junk food. (stay)*
*I'm trying to get my … a day. (five)*
*I can never … to a diet. (stick)*
*I have such a … tooth. (sweet)*

၁။ ဝိတ်ချတာကို ပြောချင်ရင်တော့ lose weight နဲ့သုံးပါတယ်။ ဥပမာ–

- **Have** you **lost weight**?
- I'm not trying to **lose weight.**

၂။ တစ်ခုခုကိုမလုပ်ဘဲ ရှောင်ကြဉ်ရင်တော့ stay off နဲ့ သုံးပါတယ်။ ဥပမာ–

- I'm trying to **stay off** cigarettes.
- I'm trying to **stay off** Netflix.
- I'm trying to **stay off** sweet food.

၃။ နိုင်ငံအတော်များများရဲ့ ကျန်းမာရေးအကြံပြုချက်ကတော့ အသီးနဲ့ အသီးအရွက်ကို နေ့စဉ်များများ စားခိုင်းတာဖြစ်ပါတယ်။ ဒီအသုံးကိုတော့ **Five a day** လို့ ပြောနိုင်ပြီး တစ်ခါတစ်ရံမှာ **get** နဲ့ တွဲသုံးပါတယ်။ ဥပမာ–

- I don't always **get my five a day.**

၄။ **Stick to something** ဆိုတာကတော့ တစ်ခုခုကို ဆက်ကာဆက်ကာ လုပ်မိနေတာဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ အလေ့အကျင့်ကောင်းလေးတွေကို ပြောချင်ရင်သုံးပါတယ်။ ကောင်းတဲ့အလေ့အကျင့်လေးတွေကို ပုံမှန်လုပ်ပြီး အရှုံးမပေးဘူးလို့ပြောရင် သုံးနိုင်ပါတယ်။ ဥပမာ–

- You **stick to a diet** or an exercise routine.

၅။ Have a sweet tooth ကတော့ ချိုတဲ့အစားအစာတွေကို အရမ်းကြိုက်တာပဲဖြစ်ပါတယ်။ ဥပမာ–

- I **have a sweet tooth.**

**ဘာသာစကားရှုထောင့်**

put on weight / gain weight = to get heavier or fatter

stay off = avoid

five a day = eating fruit and vegetables

**Conversation**

**I'm hungry**

**Henry:** I'm hungry. Shall we order? Pizza?

**Sophie:** No, not for me. I'm on a diet.

**Henry:** Really? How come?

**Sophie:** I've just been eating really badly lately. I'm not trying to lose weight; I just want to eat more healthy. It's nothing drastic; I'm just trying to stay off junk food, fried food, get my five a day, and so on.

**Henry:** Yeah, I should probably think about that, too. I eat a lot of takeaways and packaged food, and I definitely don't eat enough fruit and vegetables. I doubt it's good for me. I can never stick to a diet, though.

**Sophie:** I know what you mean. I think it's better to make small changes. That way, you don't have to think about it too much.

**Henry:** True, but I have such a sweet tooth. I find it really hard to resist anything sweet: cakes, chocolate, biscuits … If someone offers something like that to me, I can't say no.

**Sophie:** Another tip that someone told me which works well: plan your meals in advance. It works for me, at least.

**Henry:** That's a good idea.

## သရက်ချောင်းမြို့နယ်၌ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေသင်တန်းဆင်းပွဲ ကျင်းပ



**သရက်ချောင်း ဇူလိုင် ၅**

သရက်ချောင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို ဇူလိုင် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က သင်တန်းသား/သူများအား အမှာစကားပြောကြားပြီး မြို့နယ် ဥပဒေရုံးမှ ဥပဒေအရာရှိက ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲနှင့် ပတ်သတ်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မော်လမြိုင်ကျွန်း ဇူလိုင် ၅**

မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်နေ့က အမှတ် (၆) ရပ်ကွက် စိန်ပန်းပတ်လမ်းရှိ သမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော် အတွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များက ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## ကြာအင်းဆိပ်ကြီးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဇူလိုင် ၂ ရက်က ကြာအင်း အထကခွဲကျောင်းတွင် မြို့နယ်လဝကရုံးမှ ဦးစီးမှူး ဦးမျိုးဝင်းကြိုင်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း လုပ်ငန်း ဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်း၊



ခရိုင်လဝကဦးစီးမှူး ဦးမျိုးကျော်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းတို့က ကျောင်းသား ကျောင်းသူ ၉၂ ဦးအား ကတ်များ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

## ဟိုပုံးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း

**ဟိုပုံး ဇူလိုင် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို ဇူလိုင်၂ရက်က ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ထက်ဝင့်မော်က အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ပြည်သူတွေကို ဥပဒေအသိပညာ ပြန့်ပွားနိုင်ရေးအတွက် သင်တန်းပို့ချရခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေနှင့် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အစရှိသည့် ဥပဒေများကို မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိများက ပို့ချခဲ့ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

## လပွတ္တာမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**လပွတ္တာ ဇူလိုင် ၅**

လပွတ္တာမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ဇူလိုင် ၂ ရက်က ကျင်းပရာ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးမျိုးမင်းဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းသား



၈၂ ဦး တက်ရောက်ကာ ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်
အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

## ဒိုက်ဦးပြည်သူ့ဆေးရုံ၌ ကျန်းမာရေးအသိပညာပေးခြင်းဆောင်ရွက်

**ဒိုက်ဦး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တို့တွင် သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် လူနာစောင့်များအား ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မိမိတို့ရပ်ရွာများတွင် ဆောင်ရွက်နိုင်ရေးတို့အတွက် အသိပညာပေးခြင်းများကို ဇူလိုင် ၁ ရက်က ဆောင်ရွက်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမိုးအေး စီမံကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများအား သွေးလွန်တုပ်ကွေးရောဂါကာကွယ်ကုသရေး လုပ်ငန်းလမ်းညွှန်သင်တန်းနှင့် ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



မော်လမြိုင်မြို့၌ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းမာလာခန်းမ၌ ဇူလိုင် ၂ ရက်က အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မော်လမြိုင်)မှ ရဲအုပ်အောင်ခိုင်စိုးက ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးနှင့် အသိပညာဗဟုသုတများ ဆွေးနွေးဟောပြောစဉ်။

ခင်စန်းမြင့်(ပြန်/ဆက်)



## ပဲခူးမြို့၌ ဥပဒေအသိပညာပေးဟောပြော

**ပဲခူး ဇူလိုင် ၅**

ပဲခူးမြို့၌ ဥပဒေအသိပညာပေးဟောပြောပွဲကို ဇွန် ၂၄ ရက်က အထက (၂) ပဲခူးမြို့၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်သည်။

အဆိုပါဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ခင်သီတာက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးကိုက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေသိမှတ်ဖွယ်ရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ပွင့်ဖြူ ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ပွင့်ဖြူမြို့နယ် ညောင်ပင်ရွာကျေးရွာအဝင် လမ်းဘေးမြေကွက်လပ်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်စိုးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး အရိပ်ရပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )**



## မော်လမြိုင်ကျွန်းမြို့နယ်၌ အသက်(၂၃)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၅

